မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇွန် ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၄၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီတလီသမ္မတနိုင်ငံ နှစ်ပတ်လည်နေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂

၂၀၀၅ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီတလီသမ္မတနိုင်ငံ သမ္မတ ဒေါက်တာကာလို၊ အာဇေလီယို၊ ချမ်ပီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ တပ်မတော်အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ပြိုင်ပွဲကျင်းပရာသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊

စာမျက်နှာ ၈ ကော်လံ ၁ ●

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ချစ်ကြည်ရေးပြိုင်ပွဲအထိမ်းအမှတ် ချစ်ကြည်ရေးဆုဖလားကို အိန္ဒိယတပ်မတော်ဘောလုံးအသင်းအား ပေးအပ်ချီးမြှင့်စဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

တစ်ပွဲတစ်လမ်း

❑ မကြာမီက သွေးသံရဲရဲနှင့် ရက်စက်စွာဖြင့် ဆင့်ကာဆင့်ကာ လူထုအား ဗုံးခွဲတိုက်ခိုက်မှုမျိုးကို တိုင်းရင်းသားအချင်းချင်း မည်သူတို့ကမျှ ကြမ်းတမ်းယုတ်မာစရာ အကြောင်းမရှိပေ။ ပြည်ပအားကိုး ပုဆိန်ရိုးဖြစ်နေသူများ၊ နိုင်ငံခြားလက်ကိုင်တုတ် အလုပ်ခံနေသူများနှင့် ဆက်စပ်ပတ်သက်နေသည့် ကြေးစားလက်မရွံ့သမားတို့၏ လူမဆန်စွာ ရက်စက်ယုတ်မာမှုပင်ဖြစ်သည်။

❑ ခြေရာကောက်ထောက်လှမ်းရရှိသမျှ သဲလွန်စအရ မြန်မာပြည်မှာ မလုပ်နိုင်သော ဗုံးအမျိုးအစားနှင့် မြန်မာပြည်မှာ မထုတ်လုပ်နိုင်သည့် ယမ်းပြင်းအမျိုးအစားဖြစ်ကြောင်း အထင်အရှား တွေ့ရှိခဲ့ကြရပြီ။

မိုးရှင်း၏ ဆောင်းပါး(စာ-၃)

နိုင်ငံတော်ပွဲ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

ယဉ်ကျေးမှုအမွေအနှစ်များ ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မိမိတို့၏ မြင့်မြတ်သော အမျိုးအနွယ်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာတစ်မျိုးသားလုံး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရေး ဦးတည်ပြီး ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို အမျိုးသားရေးတာဝန်အဖြစ်တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

မြန်မာတိုင်းရင်းသားများသည် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာနှင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုတို့ကို ပိုင်ဆိုင်ခဲ့ကြပြီး ကိုယ့်ထီးကိုယ့်နန်းနှင့် ခမ်းနားထည်ဝါစွာ နေထိုင်လာခဲ့ကြသူများဖြစ်ကြသည်။

ဖော်ထုတ်ရရှိသည့် သမိုင်းကြောင်း အထောက်အထားများ၊ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာခြင်းဖြင့် မြန်မာတိုင်းရင်းသားတို့သည် ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက်တွင် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုနှင့်ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ သီးခြားထူထောင်နိုင်ခဲ့သည်ကို အထင်အရှား တွေ့မြင်ရသည်။

ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်များ ဖော်ထုတ်ခြင်းသည် နိုင်ငံ၏သမိုင်း၊ လူမျိုး၏အစဉ်အလာကြီးမားသည့် သမိုင်းကြောင်းအခြေခံများကို ထင်ဟပ်ဖော်ညွှန်းပြသနိုင်ခြင်းလည်းဖြစ်ပေသည်။ မြန်မာ့မြေပေါ်တွင် အခြေတည်လာခဲ့သည့် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းလာနိုင်ခဲ့သဖြင့် နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နိုင်ခဲ့ပေသည်။

လူသားမျိုးနွယ် ရပ်တည်ရှင်သန်လာခဲ့သည့် လူတူပရိုင်းမိတ်များ ပေါက်ဖွားနေထိုင် ကျက်စားခဲ့ရာ ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းများကို အခိုင်အမာဖော်ထုတ် ရှာဖွေတင်ပြနိုင်သကဲ့သို့ နှစ်ပေါင်းထောင်ချီ၍ ခမ်းနားထည်ဝါစွာ ထူထောင်နေထိုင်ခဲ့သည့် တကောင်း၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပုဂံစသည့် ရှေးဟောင်းမြန်မာနိုင်ငံ၏ မြို့ဟောင်းကြီးများကို ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့ပေသည်။

ယင်းကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသကဲ့သို့ ထပ်မံရှာဖွေတူးဖော်မှုများကိုလည်း စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသည်။ မကြာမီကာလ မတ်လနှင့် ဧပြီလအတွင်းက ရွှေဘိုခရိုင် ဟန်လင်းမြို့ဟောင်းမှ လွန်ခဲ့သော နှစ်ပေါင်းလေးထောင်ကျော် ငါးထောင်ခန့်ကဟုခန့်မှန်းရသည့် ကျောက်ခေတ်၊ ကြေးခေတ်ကတည်းက အခြေချနေထိုင်ခဲ့သည့် ပျူလူမျိုးတို့၏ရှေးဟောင်းရုပ်ကြွင်းများကို တူးဖော်တွေ့ရှိခဲ့ပေသည်။

ရှေးဟောင်းရုပ်ကြွင်းများနှင့်အတူ လူ့အသုံးအဆောင် မြေခွက်၊ မြေအိုး၊ ကြေးထည်ပစ္စည်း၊ ကျောက်လက်နက်၊ ကျောက်ပုတီးစေ့၊ သံလက်နက်တို့ကို တူးဖော်တွေ့ရှိခဲ့သည်။ အဆိုပါ လူ့အသုံးအဆောင်ပစ္စည်းများနှင့် ရှေးခေတ်လက်နက်များ တွေ့ရှိခြင်းကြောင့် ပျူလူမျိုးတို့၏ ရှေးဦးအနွယ်များသည် ကျောက်ခေတ်၊ ကြေးခေတ် မှသည် မြို့ပြနိုင်ငံများ ပေါ်ထွန်းသည့် ခေတ်အထိ ယဉ်ကျေးမှုအဆင့်ဆင့်ကို ဖြတ်သန်းခဲ့သော ရှေးဟောင်းသုတေသန အထောက်အထားများကို ရရှိခဲ့သည်။

ထို့အပြင် မေလ ၂၇ရက်နေ့က မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောမြို့ဟောင်းရှိ ရှေးဟောင်းကုန်းမှ ပျူခေတ်ဦး ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များ၊ ငွေစေတီတော်များနှင့် ငွေဆင်းတုတော်များကို ထပ်မံတွေ့ရှိခဲ့သည်။ အဆိုပါ တွေ့ရှိချက်အရ ပျူခေတ်ဦးတွင်ပင် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့ပြီး အလွန်ပြောင်မြောက်သည့် ပန်းထိမ်ပညာကိုပါ တွေ့ရှိခဲ့သည့်အပြင် တကောင်း၊ ဟန်လင်း၊ ဗိဿနိုးနှင့်သရေခေတ္တရာ ရှေးပျူမြို့တော်များနှင့် မြို့ပြယဉ်ကျေးမှု ဆက်နွယ်မှုရှိခဲ့ကြောင်း ခိုင်မာသည့် သမိုင်းအထောက်အထားများ ရရှိခဲ့ပေသည်။

သို့ဖြစ်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် နိုင်ငံတော်က ဖော်ထုတ် ထိန်းသိမ်းလျက်ရှိသည့်နည်းတူ အဖိုးတန်ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို တိုင်းရင်းသားပြည်သူများက အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ညှိနှိုင်းစည်းဝေး ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း ဆုရရှိသူများအား ဆုချီးမြှင့်

ရန်ကုန် ဇွန် ၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(ရုံးချုပ်) အပေါ်ဆုံးထပ်ရှိ ညီလာခံခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်၊ အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့်တိုင်း မန်နေဂျာများ၊ ဆုရရှိကြသော ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ဆက်လက်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က ဘက်စုံဆုချီးမြှင့်ပွဲအခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ထို့နောက် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းက စိုက်ပျိုးမွေးမြူရေး အကောင်းဆုံးဆု၊ စပါးနှင့်အခြားသီးနှံကြွေးများ ငွေသားဖြင့် ကောက်ခံရရှိမှု အကောင်းဆုံးဆု၊ နဝလီကြိတ်ခွဲနိုင်မှု အများဆုံးဆန်စက်ဆုနှင့် မြေယာသစ်ရှာဖွေဖော်ထုတ်စည်းရုံး စိုက်ပျိုးထုတ်လုပ်နိုင်မှု အကောင်းဆုံးဆုရရှိကြသော ပြည်နယ်နှင့်တိုင်းများအားဆုချီးမြှင့်ရာ ပြည်နယ်နှင့်တိုင်း မန်နေဂျာများက လက်ခံရယူကြသည်။**(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူးဦးမင်းလှအောင်နှင့် အထွေထွေမန်နေဂျာများက ပြည်နယ်နှင့်တိုင်းအလိုက် အကောင်းဆုံးဆုများ၊ အကောင်းဆုံးဆန်စက်ဆုများ၊ တစ်ဦးချင်းအကောင်းဆုံးဆုရဝန်ထမ်းများ၊ သင်တန်းအသီးသီး၌ ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများနှင့်အားကစားထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများအား ဆုပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁

သဲအင်းဂူ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်း၌ မူလကျေးရူးရှင် သဲအင်းဂူဆရာတော်ကြီး၏ သားတပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲကို ဇွန်၁၂ရက်မှ ၁၈ရက်အထိ အခမဲ့ အဓိဋ္ဌာန် ဝင်ခွင့်ဖြင့် ခုနစ်ရက် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဇွန် ၁၁ရက် (စနေနေ့) ညနေ အရောက် လာရောက်ကြရန်နှင့် အာဟာရဒါန လှူဒါန်းလိုသူများ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်း တောင် ဥက္ကလာပမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂-၆-၂၀၀၅
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် Marketing (ပထမနှစ်-စီးပွားရေး)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၆။ ကာတွန်းအစီအစဉ် **"ရှောင်လင် လူစွမ်းကောင်းလေး"** (အပိုင်း-၁)
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွာနဲ့ကြမ္မာ"**(အပိုင်း-၂၈)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြဝတီရဲ့ မြဝတီ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူသူရဲကောင်း"** (အပိုင်း-၁၄)

တစ်ပွဲတစ်လမ်း

ဂေါက်ကွင်းတွင် ဂေါက်သီးရိုက် ကစားကြသူများ အချင်းချင်း နောက်နောက်ပြောင်ပြောင် ပြောကြားလေ့ရှိသော စကားအချို့သည် ထိထိမိမိနှင့် မှတ်သားစရာ ရှိတတ်၏။ ဥပမာတစ်ခု ဆိုပါစို့။ ဂေါက်သီးကို စူးစူးစိုက်စိုက် သေသေချာချာကြီးချိန်ပြီး တအားကုန် လွှဲရိုက်လိုက်သော ဂေါက်သီးသည် ဖဲယားဝေးကို ကျော်လွန်၍ ရပ်ဖ်ထဲသို့ ချော်ပြီး ကျရောက်သွားအံ့။

"ငပွကြီးရဲ့ ဖောရိန်းပေါ်လစီ"ဟု ခေါ်ကြသည်။ စေ့စေ့တွေးသော် ရေးရေးပေါ် ဆိုသလိုပင်။

ငပွကြီးသည် ဖောရိန်းပေါ်လစီများကို သေသေချာချာ တွက်ချက် သုံးသပ်၊ Plan တွေချပြီး သူ့မှာကြွယ်ဝသမျှ ပုံအောကာ အားထည့် အကောင်အထည်ဖော်လိုက်ပါ၏။ ခုတ်ရာတခြား၊ ရှရာ တလွဲနှင့် We Were Wrong (ကျုပ်တို့မှားခဲ့ပါသဗျာ) အခြေသို့သာ ဆိုက်လေသည် ချည်း။ အားတော့ထည့်လွန်းပါ၏၊ သို့တစေ ဟိုကိစ္စလည်းတလွဲ၊ ဒီကိစ္စလည်း ဖြစ်ရပ်မှန်နှင့် မဆီလျော်၊ တချော်။ ငွေတွေသောက်သောက်လဲ သုံးသမျှ အကျိုးကောင်းမရ၊ မှန်းရာ မရောက်ဘဲ ချောက်ထဲ၊ ချုံထဲ၊ ဘေးဝဲယာ ရေကန်ထဲသို့သာ ပလုံခဲ့သည်ချည်း။

အနှစ်သုံးဆယ်ကျော်ကလည်း ချွတ်ချော်ခဲ့။
အနှစ် နှစ်ဆယ်ဆီကလည်း မှားယွင်း။
ဆယ်နှစ်ကျော်ကလည်း လွဲ။
ယခုလည်း ဘေးချော်နေဆဲမို့။

ဂေါက်သမားတွေ ပြောလေ့ရှိသော ဖဲယားဝေးကိုကျော်ပြီး ရပ်ဖ်ထဲ ရောက်သည့် ရိုက်ချက်အား ငပွကြီး၏ ဖောရိန်းပေါ်လစီ ခေါ်ဆိုခြင်းသည် ပြုံးစရာကောင်းသော်လည်း ဟုတ်တော့ ဟုတ်နေသည်။ တကယ်က ဂေါက်သီးရိုက်ရာမှာ အံကြိတ်လက်သီးဆုပ်ပြီး တအားကုန် ဆော်ပလော်တီးတိုင်း နည်းလမ်းမကျ။

သြော်...ငပွကြီးတို့ လုပ်လိုက်မှဖြင့်...။

အင်အားကြီးနိုင်ငံအချို့သည် လောဘရမ္မက် အပြင်းအထန် တက်နေကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ်တွင် ငါ့တပည့်၊ ငါ့လက် ဝေခံ လုပ်လျှင်လုပ်၊ မလုပ်လျှင် အပြုတ်ဆော်ထည့်မည်။ ငါပြောသမျှ နာခံလျှင်နာခံ၊ မနာခံသော် ရန်သူဟုသတ်မှတ်မည်။ ငါ့အကျိုးစီးပွားသာလျှင် အဓိက။ မျှမျှတတ ဆက်ဆံမည်၊ လူသားအချင်းချင်း စာနာထောက်ထားမှုဖြင့် တန်းတူရည်တူ ဆက်ဆံ ဆက်သွယ်မည်ဟု သဘော မထားချင်ကြ။ မာန်မာန ထောင်လွှားဝင့်ဝါနေကြသည်။ နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုများကို နားစွင့်ကြည့်လိုက်လျှင် ထင်ထင်ရှားရှား မြင်သာ သိသာလှပါသည်။

တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ သူ၏ အကျိုးစီးပွားအတွက် သက်သက်ကိုသာလျှင် တစ်ဖက်သတ်ကြည့်မြင်ပြီး ဆုံးဖြတ်ချက်ချနေသည်ကိုလည်း တွေ့ကြရမည်။ အင်အားကို အသုံးပြု၍ အရာရာကို အနိုင်ယူနိုင်လိမ့်မည်ဟု ဘဝင်မြင့်ခြင်းမျိုးသည်ကား ရောမအင်ပါယာ၊ မွန်ဂိုအင်ပါယာ၊ ပြင်သစ်အင်ပါယာ၊ နာဇီဂျာမနီ စသည်တို့က မှားယွင်းကြောင်း သမိုင်းသက်သေပြခဲ့ကြပြီးပါပြီ။ အတက်ပြီးဆုံးသောအခါ အရှုံးနှင့်ကျဆုံးပြိုကွဲခြင်းသာလျှင် နိဂုံးရှိခဲ့ကြပါသည်။ မည်သူမျှ ထိပ်ဆုံးမှာ ထာဝရရပ်တည်နေနိုင်ခြင်း မရှိကြပါ။ သမိုင်းက သင်ကြားပြသ ပဲ့ကိုင်ခြင်းကို မနာယူလျှင် ထိုလေ့သည် မုချမလွဲ ကျောက်ဆောင်နှင့် ရိုက်ခတ်၍ ကွဲကြေ နစ်မြုပ်ရစမြဲပါပဲ။

သူတို့ကို ပြိုကွဲပျက်စီးပါစေဟု မိမိတို့မြန်မာနိုင်ငံ၊ မြန်မာတိုင်းရင်းသားတို့က ဝန်တိုမစ္ဆရိယစိတ် လုံးဝမထားရှိရိုးအမှန်ပါ။ သူတို့ ချမ်းသာလို့လည်း မိမိတို့ထမင်းတစ်နပ် ပိုပြီးမစားရ။ သူတို့မွဲပြာကျလို့လည်း မိမိတို့မှာ ကောင်းစားတိုးတက်ဖို့ရာမရှိ။ သူတစ်ပါးပျက်စီး ကျရှုံးပါစေဟူသောစိတ်မျိုး မိမိတို့ မြန်မာတိုင်းရင်းသားတို့တွင် မရှိကြပါ။ သတ္တဝါဝေနေယျကို နေ့စဉ်ညစဉ် အမြဲတစေ မေတ္တာပို့သ အမျှဝေလေ့ ရှိသော လူမျိုးတို့တွင် ကြင်နာမှု၊ စာနာမှုနှင့် ကရုဏာတရားကိုသာလျှင် ရေးရှုစဉ်းစားကြပါသည်။ ကိုယ်ချင်းစာတရားကို လက်ကိုင်ထားလေ့ ရှိကြသဖြင့် တစ်ခါတစ်ရံတွင် သူများကလည်း ကိုယ့်လိုပဲနေမှာပါဟု ရိုးရိုး

ဗိုးရှင်း

သားသား စဉ်းစားခဲ့မိကြပေသည်။ ထို့ကြောင့်ပင်လျှင် အငိုက်မိကာ ပြည်သူလူထုကို အချိန်ကိုက်ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်အဖျက်သမား လူသတ်သမားတို့အား သတိမထားလိုက်မိဘဲ ရှိခဲ့ရလေသည်။

လူမှန်းသိတတ်စ အရွယ်မှစတင်၍ လူသားအချင်းချင်း မဆိုထားဘိ သက်ရှိတိရစ္ဆာန်အားလုံးကိုပင် ကြင်ကြင်နာနာဆက်ဆံကြရန် အမိအဖတို့က ရိုးရာယဉ်ကျေးမှုအရ သင်ကြားပြသလေ့ရှိကြ၏။ ထို့ကြောင့် မြန်မာတိုင်းရင်းသားတို့သည် လူဖြူ၊လူမည်း မခွဲခြား။ လူဝ၊ လူညို မည်သူ့ကိုမဆို မိတ်ဆွေလိုဆက်ဆံသည်။ ဆွေမျိုးကဲ့သို့ သဘောထားသည်။ ဧည့်သည်ကဲ့သို့ ပြုစုချင်သည်။ နိုင်ငံခြားသားကို သံသယနှင့် မကြည့်။ ဖိနှိပ်ချိုးနှိမ်ချင်သော သဘောထားမရှိ။ ရိုတ်မည်၊ လှီးမည်ဟုလည်း ကြံစည်ခြင်း မရှိ။ ပြုံးရွှင်ဖော်ရွေစွာ "ဘာကူညီပေးရမလဲ"ဟုသာ စဉ်းစားကြသည်။

- ဈေးချိုတော်တွင် အချိန်ကိုက်ဗုံးဖောက်ခွဲမှု။
- မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် အချိန်ကိုက် ဗုံးဖောက်ခွဲမှု။
- ဒဂုံစင်တာတွင် အချိန်ကိုက် ဗုံးဖောက်ခွဲမှု။
- ဂျန်းရှင်းအိတ်စင်တာတွင် အချိန်ကိုက် ဗုံးဖောက်ခွဲမှု။
- ကားများကို ဓားပြတိုက် လုယက်၍ လူသတ်မှု စသည်...

မကြာမီက သွေးသံရဲရဲနှင့် ရက်စက်စွာဖြင့် ဆင့်ကာဆင့်ကာ လူထုအား ဗုံးခွဲတိုက်ခိုက်မှုမျိုးကို တိုင်းရင်းသားအချင်းချင်း မည်သူတို့ကမျှ ကြမ်းတမ်းယုတ်မာစရာ အကြောင်းမရှိပေ။ ပြည်ပအားကိုး ပုဆိန်ရိုးဖြစ်နေသူများ၊ နိုင်ငံခြားလက်ကိုင်တုတ် အလုပ်ခံနေသူများနှင့် ဆက်စပ် ပတ်သက်နေသည့် ကြေးစားလက်မရွံ့သမားတို့၏ လူမဆန်စွာ ရက်စက်ယုတ်မာမှုပင် ဖြစ်သည်။

ခြေရာကောက် ထောက်လှမ်းရရှိသမျှ သဲလွန်စအရ မြန်မာပြည်မှာ မလုပ်နိုင်သော ဗုံးအမျိုးအစားနှင့် မြန်မာပြည်မှ မထုတ်လုပ်နိုင်သည့် ယမ်းပြင်းအမျိုးအစားဖြစ်ကြောင်း အထင်အရှား တွေ့ရှိကြရပြီ။ ဒီဘက် သဲပြင်မှာလည်း ကျားခြေရာတွေ့ကြပြီ။ ဟိုဘက်သဲပြင်မှာလည်း ကျားခြေရာ တွေ့နေရပြီ။ ထိုကျားစေဦးလဲသည် ဤစမ်းချောင်းနှင့် ဤကျောက်ဖျာပေါ်မှာ ၎င်း၏ ခြေရာမထင်သဖြင့် "မဖြတ်ခဲ့ပါ။ ခြေမချခဲ့ပါ"ဟု အကြမ်းဖက်သမားများက ဆိုနေခြင်းမှာ သက်သက် လိမ်ညာနေမှုမှ တစ်ပါးအခြားမရှိ။

ကျားသည် မြေကိုလည်း မလျှိုး၊ မိုးသို့လည်းမပျံ၊ တောင်ပံလည်းမပါ။ မလွဲမသွေ ဤစမ်းချောင်းနှင့် ဤကျောက်ဖျာကို ဖြတ်ကျော်ခဲ့သည်ကား အမှန်ပင်။ "ခြေရာမထင်သဖြင့် မဟုတ်ပါ"ဟု အကြမ်းဖက် သမားတို့က ဖြောင်လိမ်ညာငြင်းကွယ်နေခြင်းကား အသိဉာဏ်ရှိသူတို့ အတွက် ရယ်ဖွယ်ရာစကားသာလျှင် ဖြစ်ပေသည်။

မြန်မာတိုင်းရင်းသားတို့ကား မည်သူ့ကိုမျှ ရန်သူဟု သဘောမထားကြပေ။ သို့သော် မိမိနိုင်ငံ၊ မိမိလူမျိုးတို့အပေါ် ကျူးကျော်စော်ကား မိုက်ရိုင်း ရက်စက်လာပြီဟုဆိုလျှင် မည်မျှပင် စွမ်းအားကြီးမားသူမျိုးကို ဖြစ်စေ မကြောက်တတ်ပေ။ ယခုခေတ်၊ ယခုကာလ အခြေအနေမျိုးလောက် စည်းလုံးညီညွတ်၍ တစ်သွေးတည်း တစ်သားတည်း ညီညီညာညာ စည်းလုံးမှုမျိုး ရှေးကာလ အနှစ် ၁၀၀-၂၀၀တွင် မရှိခဲ့ဖူးချေ။

လက်ချင်းတွဲယှက်ကာ စည်းလုံးညီညွတ်သော ပြည်သူများသည် တိတ်ဆိတ်ငြိမ်သက်စွာ စိုက်ကြည့်လျက်ရှိ၏။ အချိန်ကိုက်ဗုံးများကို လူစုလူဝေးထဲမှာ ခွဲပြီး အပြစ်မဲ့သော၊ ရန်လိုခြင်း လုံးဝမရှိသော ကလေးသူငယ်နှင့် မိန်းမသားများပါ ပါဝင်သော မြန်မာတိုင်းရင်းသားများကို လူမဆန်စွာ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သော အကြင်အကြမ်းဖက် အဖျက်သမားအား အံ့အားသင့်စွာဖြင့် စိုက်ကြည့်နေလျက် ရှိကြ၏။

အံ့သြခြင်း၊ ရွံရှာခြင်း၊ မုန်းတီးခြင်း၊ စက်ဆုပ်ခြင်း။ သို့သော်... ကြောက်ရွံ့ထိတ်လန့်ပြီး သွေးကြောင်စွာ ဒူးထောက်ဖို့ရာကား ဝေးလေစွ။ ချောက်ချားစွာ အညံ့ခံဖို့ရာကား လုံးဝမစဉ်းစား။ နီရဲသော မြန်မာ့သွေးကို နားမလည်စွာဖြင့် ထိုအကြမ်းဖက် အဖျက်သမားလူတစ်စုက ရက်စက်ကြမ်းကြုတ်စွာ စော်ကား သတ်ဖြတ်ခဲ့သည့် ထိုအမှားအတွက် နောင်တရစေပေလိမ့်မည်။

မည်သူကမျှ နှုတ်ကမဖွင့်ပြောသေးကြသော်လည်း ပြည်သူတစ်ရပ်လုံးသည် ဒေါသကို မျိုချနေကြ၏။ မိမိတို့သည် အဖျက်သမားကို အလိုမရှိ။ ပြည်သူတစ်ရပ်လုံးသည် အေးချမ်းသာယာပြီး စည်းကမ်းတကျ အေးအေးကြည်သာနေထိုင်ရခြင်းကို နှစ်သက်သည်။ သူများတိုင်းပြည်များနှင့် ရင်ပေါင်တန်းနိုင်အောင် ခေတ်မီဖွံ့ဖြိုးချင်သည်။ ကမ္ဘာကြီးကို လက်ဝါးပေါ်တွင် တင်ကြည့်ထားသလို မြင်နေရ၊ ကြားနေရတော့ သူများလို ဖွံ့ဖြိုးချင်သည်။ တိုးတက်ချင်ကြသည်။ အေးချမ်းတည်ငြိမ်မှု ရှိမှ တိုးတက်ဖွံ့ဖြိုးနိုင်မည်ဆိုသော အချက်ကိုလည်း သဘောပေါက်ထားကြသည်။ ထို့ကြောင့် ထိတ်ထိတ်လန့်လန့် ဆူဆူပူပူမျိုးဖြစ်အောင် အကြမ်းဖက် ဗုံးခွဲသတ်ဖြတ်၍ ခြောက်လှန့်သော်လည်း ပြည်သူတို့က တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရနေထိုင်ကြခြင်းပဲဖြစ်သည်။ သူတို့အလိုကျ လိုက်ပြီးမက။

အကယ်၍သာ **အကြမ်းဖက်အဖျက်သမားများသည် ရှေ့ဆက်ပြီး ရက်စက်မိုက်မဲမှုကို တစ်လှမ်း တိုးလာဦးမည်ဆိုလျှင် ပြည်သူတို့၏ မခံမရပ်နိုင်သော ဒေါသအဟုန်နှင့် ဇာတိမာန်တို့သည် ၎င်းတို့ကို မှုန့်မှုန့် ညက်ညက်ခြေပစ်ပေတော့အံ့။ သည်းခံခြင်းမှာ အတိုင်းအတာ ရှိလေသည်။**

ပြည်သူ့စွမ်းအားကို နားမလည်ဘဲ ရက်စက်ယုတ်မာ ကြမ်းကြုတ်စွာဖြင့် ပြည်သူလူထုကို သတ်ဖြတ်ခြိမ်းခြောက်သူတို့သည် ပြည်သူက အပြစ်ပေးဆုံးမသဖြင့် ပျက်သုဉ်းကျေပြုန်း သွားခဲ့ကြသော အကြမ်းဖက် အဖျက်သမားများ၏ သမိုင်းကြောင်း နိဂုံးအတိုင်း လိုက်ပါသွားကြရမည် ဖြစ်ကြောင်း ဖော်ပြအပ်ပေသည်။ ။

အကြမ်းဖက်အဖျက်သမားများသည် ရှေ့ဆက်ပြီး ရက်စက်မိုက်မဲမှုကို တစ်လှမ်း တိုးလာဦးမည်ဆိုလျှင် ပြည်သူတို့၏ မခံမရပ်နိုင်သော ဒေါသအဟုန်နှင့် ဇာတိမာန်တို့သည် ၎င်းတို့ကို မှုန့်မှုန့် ညက်ညက် ခြေပစ်ပေတော့အံ့။ သည်းခံခြင်းမှာ အတိုင်းအတာ ရှိလေသည်။
ပြည်သူ့စွမ်းအားကို နားမလည်ဘဲ ရက်စက်ယုတ်မာ ကြမ်းကြုတ်စွာဖြင့် ပြည်သူလူထုကို သတ်ဖြတ်ခြိမ်းခြောက်သူတို့သည် ပြည်သူက အပြစ်ပေး ဆုံးမသဖြင့် ပျက်သုဉ်းကျေပြုန်းသွားခဲ့ကြသော အကြမ်းဖက် အဖျက်သမားများ၏ သမိုင်းကြောင်း နိဂုံးအတိုင်း လိုက်ပါသွားကြရမည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အင်ဒိုနီးရှားသမ္မတ ဗီယက်နမ်သို့ရောက်ရှိ

ဟန္နွိုင်း မေ ၃၀

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုသည် ဗီယက်နမ်နိုင်ငံသို့ သုံးရက်ကြာလည်ပတ်ရန် မေ ၂၈ရက်နေ့ညက ဟန္နွိုင်းသို့ ရောက်ရှိလာကြောင်း ဗီယက်နမ်နိုင်ငံခြားရေးရာ ဝန်ကြီးဌာနက မေ ၂၈ရက်တွင် ထုတ်ပြန်ကြေညာသည်။

တွေ့ဆုံမည်

မစ္စတာဆူဆီလိုသည် ဗီယက်နမ်သမ္မတ ထရန်ဒတ်လွန်နှင့်ဆွေးနွေးမည်ဖြစ်သည်။ ထို့ပြင်၎င်းသည် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ပတ်သက်၍ အဓိကဆွေးနွေးရန် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်၊ လွှတ်တော်ဥက္ကဋ္ဌ ငုယင်ဗန်အင်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး နွန်ဒတ်မန်တို့နှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

ပထမဆုံး

ဆူဆီလို၏ ယခုအလည်အပတ်ခရီးစဉ်သည် လွန်ခဲ့သည့် အောက်တိုဘာလက သမ္မတရာထူးရရှိခဲ့ကတည်းက ဗီယက်နမ်နိုင်ငံသို့လာရောက်သည့် ပထမဆုံးခရီးစဉ် ဖြစ်သည်။

မျှော်လင့်

နှစ်နိုင်ငံအကြား ယခုနှစ် ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာတစ်ဘီလီယံရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်ကထက် ကျော်လွန်မည်ဟု မျှော်လင့်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖမ်းယူကြည့်ရှု

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ အင်တာနက် အသုံးပြုရေး ဌာနတစ်ခုတွင် အွန်လိုင်းချိတ်ဆက် ဖျော်ဖြေမှုအစီအစဉ်များ ဖမ်းယူကြည့်ရှုနေကြသူများကို မေ ၃၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စီးပွားရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဒိုနီးရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆန္ဒရှိကြောင်း ဗီယက်နမ်ခေါင်းဆောင်များ အလေးအနက်ပြောကြား

ဟန္နွိုင်း မေ ၃၁

ဗီယက်နမ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံနှင့် မဆုတ်မနစ်သော ပေါင်းစည်းမှုနှင့်ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်သွားရန် မျှော်လင့်ထားကြောင်း ဗီယက်နမ်နိုင်ငံသို့ အလည်ရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုနှင့် မေ ၃၀ ရက်က အစည်းအဝေးပြုလုပ်ခိုက်တွင် ဗီယက်နမ်ခေါင်းဆောင်များက ပြောကြားသည်။

နှစ်နိုင်ငံဆက်ဆံမှုကို ခိုင်မာစေမည်ဖြစ်ကြောင်း အစည်းအဝေး၌ ဗီယက်နမ်ခေါင်းဆောင်များက ပြောကြားခဲ့ကြသည်။

အစဉ်အလာရှိ

ဗီယက်နမ်နိုင်ငံသည် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအပြင် ဒေသ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဒိုနီးရှားနိုင်ငံနှင့် အစဉ်အလာရှိသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် အစဉ်တစိုက် သဘောထားရှိကြောင်း ဗီယက်နမ်ခေါင်းဆောင်များက အလေးအနက်ထား ပြောဆိုကြသည်။

ထို့ပြင် နှစ်နိုင်ငံသည် အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် လုပ်ငန်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် ရာဇဝတ်မှုများ၊ အကြမ်းဖက်မှုများနှင့် ပင်လယ်ဓားပြမှုများတွင် ပိုမိုပူးပေါင်းနှိမ်နင်းသွားမည်ဖြစ်ကြောင်းလည်း ၎င်းတို့က ပြောကြားကြသည်။

အရေးပါ

သမ္မတဆူဆီလိုကလည်း အင်ဒိုနီးရှားနိုင်ငံသည် ဗီယက်နမ်နှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အရေးပါသည်ဟု သဘောထားသည့်ပြင် နှစ်နိုင်ငံဆက်ဆံရေး ပြေပြစ်ချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နှင့်မလေးရှား ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ် မစ္စတာဂူဘန်ကို ထုတ်ဖော်ပြောကြား

ပီနန်(မလေးရှား) မေ ၃၀

တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဂူဘန်ကိုသည် မလေးရှားနိုင်ငံသို့ လေးရက်ကြာ တရားဝင်အလည်အပတ်ခရီးအဖြစ် မေ ၂၈ရက်က ပီနန်သို့ရောက်ရှိလာသည်။

မလေးရှားနိုင်ငံသည် မစ္စတာဂူ လှည့်လည်သည့် စင်ကာပူ၊ ဩစတြေးလျနှင့်နယူးဇီလန်အပါအဝင် အာရှ-ပစိဖိတ်လေးနိုင်ငံခရီးစဉ်၏ နောက်ဆုံးခရီးစဉ် ဖြစ်သည်။ တရုတ်နှင့် မလေးရှားနိုင်ငံတို့သည် လွန်ခဲ့သည့် နှစ်များစွာကပင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ပြီး ခင်မင်ရင်းနှီးခဲ့ကြကြောင်း ပီနန်သို့ရောက်ရှိပြီးနောက် မစ္စတာဂူက ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။

ပြောကြား

မကြာသေးသည့် နှစ်များအတွင်း မိမိတို့၏ ဖော်ရွေသည့် ဆက်ဆံမှု အတိုင်းအတာအားလုံးနှင့် အပြန်အလှန် နားလည်မှုရှိသော ပူးပေါင်းဆောင်ရွက်မှု လက္ခဏာများသည် တဖြည်းဖြည်းချင်း ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ မိမိတို့သည် အဆင့်မြင့်အရာရှိများ မကြာခဏ အပြန်အလှန်လည်ပတ်ခဲ့ကြကာ အခြားအဆင့်များ၌ တိုးတက်လည်ပတ်ခဲ့ကြပြီး အရေးကြီးသည့်ကဏ္ဍများတွင် အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း မစ္စတာဂူက ပြောကြားသည်။

ပူးပေါင်း

တရုတ်နှင့် မလေးရှားနိုင်ငံတို့သည် အကျိုးရှိသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့အကြား ဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်ရာတွင် အကျိုးရှိသည့် ပူးပေါင်း ဆောင်ရွက်မှု အပါအဝင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကိစ္စရပ်များ၌ နှစ်နိုင်ငံစလုံးက ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ရှိကြကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း မစ္စတာဂူသည် နိုင်ငံတကာနှင့် နှစ်နိုင်ငံစိတ်ဝင်စားသည့် ဒေသဆိုင်ရာ ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပတ်သက်၍ မလေးရှားခေါင်းဆောင်များနှင့် အမြင်ချင်း နက်ရှိုင်းစွာ ဖလှယ်ကြမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

လျှင်ကြိုတင်ခန့်မှန်းရန် အိန္ဒိယဂြိုဟ်တုများသုံးစွဲနိုင်ရေးအကြံပြုထား

ရေကျာဗစ် မေ ၃၁

ငလျှင်ကြိုတင်ခန့်မှန်းတွက်ဆမှုအတွက် ဆက်သွယ်ရေးဂြိုဟ်တုအပါအဝင် ပြန်ကြားရေးနည်းပညာကို အသုံးပြုရမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံတွင် ဘေးအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အိန္ဒိယဂြိုဟ်တုများ၏ အကူအညီကို အိုက်စ်လန်ယူရန် အိန္ဒိယသမ္မတ အဗ္ဗဒူကာလမ်က မေ ၃၀ရက် တနင်္လာနေ့တွင် အကြံပြု ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံသည် မတူညီသော ပတ်လမ်းကြောင်းများအတွင်း ကိုယ်ပိုင်ဂြိုဟ်တုများကို လွှတ်တင်ထားကြောင်း၊ ယင်းဂြိုဟ်တုများသည် မိမိတို့နှစ်နိုင်ငံ ဘေးအန္တရာယ် ကိုင်တွယ်ဖြေရှင်းမှုအတွက် အထောက်အကူအဖြစ် အသုံးပြုနိုင်ကြောင်း အိုက်စ်လန်၌ သိပ္ပံပညာရှင်များအား သမ္မတက ပြောကြားသည်။

တိုးတက်မှု

လွန်ခဲ့သည့်နှစ်များအတွင်း အိန္ဒိယနိုင်ငံသည် မုတ်သုံပုံစံငယ် ပြုလုပ်သည့် နည်းအတတ်ပညာနှင့် ရာသီဥတု ကြိုတင်ခန့်မှန်းချက်တွင် တိုးတက်မှုများရရှိခဲ့ကြောင်း၊ ယင်းအတွေ့အကြုံကို အိုက်စ်လန်တွင် ရေတိုသက်တမ်းနှင့်အလယ်အလတ်သက်တမ်းအတွက် ရာသီဥတု ကြိုတင်ခန့်မှန်းရန် မိမိတို့နှစ်နိုင်ငံ ဝေမျှနိုင်ကြောင်း သမ္မတက ပြောကြားသည်။

အကြံပြုခဲ့

ထို့ပြင် သမ္မတက သဘာဝဘေးအန္တရာယ်ကို အချိန်မီ အတိအကျ ခန့်မှန်းတွက်ဆနိုင်ရန် အိုက်စ်လန် သိပ္ပံပညာရှင်များအား လွန်ခဲ့သည့် နှစ်၅၀အတွင်း အိန္ဒိယနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်အားလုံးကို လေ့လာသွားဖို့လည်း တိုက်တွန်းအကြံပြုခဲ့သည်။

အချိန်မီသတိပေးချက်ကို ပြည်သူများနှင့်အာဏာပိုင်အဖွဲ့ အစည်းများ ရရှိလျှင်သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုသည် လျော့ပါးနိုင်ကြောင်း သမ္မတက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်

ဆင်ဂျာမြို့ တပ်စခန်းဂိတ်ဝပုံးခွဲမှု အနည်းဆုံး ငါးဦးသေပြီး လူ ၄၀ ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၃၀

အီရတ်စစ်စခန်းတစ်ခု၏ အပြင်ဘက်တွင် မေ ၂၈ ရက်၌ အသေခံဗုံးခွဲသူနှစ်ဦးက ကားဗုံးဖောက်ခွဲသဖြင့် အနည်းဆုံး အီရတ်ငါးဦးသေဆုံးပြီး လူ ၄၀ ခန့် ဒဏ်ရာရသွားသည်။

သေဆုံး

မိုဆူးလ်မြို့အနောက်ဘက် ကီလိုမီတာ ၁၅၀ခန့်အကွာ ဆင်ဂျာမြို့ စစ်စခန်း တစ်ခု၏အဝင်ဝတွင် စနေနေ့ နံနက် ၈နာရီမိနစ်၂၀ခန့်က အသေခံဗုံးခွဲခဲ့ခြင်းဖြစ်သည်။ အနည်းဆုံး ငါးဦးသေဆုံးပြီး လူ ၄၀ခန့် ဆေးရုံတင်လိုက်ရသည်။ အများစုမှာ စစ်သားများနှင့် အလုပ်လျှောက်သူများဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘာဆာရာမြို့အနီးတွင် ဗြိတိသျှစစ်ယာဉ်တန်းဗုံးခွဲတိုက်ခိုက်ခံရ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ အခြားသုံးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၃၀

ဘဂ္ဂဒက်မြို့တောင်ဘက်တွင် စစ်ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက မေ ၂၉ရက်တွင် ပြောကြားသည်။

ဘာဆာရာမြို့အနီးတွင်ရှိသော ခါလာမြို့၌ ဗြိတိသျှ စစ်ယာဉ်တန်း ဖြတ်သန်းမောင်းနှင်စဉ် မေ ၂၉ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု အီရတ်ရဲတပ်ဖွဲ့ အရာရှိတစ်ဦးဖြစ်သူ ကာရမ်အာဆတ်က ပြောကြားသည်။

အဆိုပါမြို့သည် ဗြိတိသျှတပ်ဖွဲ့ဝင် ၈၀၀၀တပ်စွဲထားသော ဘာဆာရာမြို့အနီးတွင် ရှိသော်လည်း ခုခံတိုက်ခိုက်မှုများ အမြဲရှိနေသည့် ဒေသဖြစ်သည်။

ယခုကဲ့သို့ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရမှုအပါအဝင် အီရတ်၌ သေဆုံးခဲ့ရပြီးဖြစ်သော ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်းမှာ ၈၉ဦးရှိသွားပြီဖြစ်သည်။ ဘဂ္ဂဒက်မြို့တော်ရှိ ရေနံဝန်ကြီးဌာနအနီးတွင် မေ ၂၉ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူနှစ်ဦးသေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ချူကလီးယားနည်းပညာ ငြိမ်းချမ်းစွာအသုံးချရေး အီရန် သဘောထားရပ်တည်ချက် ထုတ်ဖော်ပြောကြား

တီဟီရန် မေ ၃၀

အီရန်နိုင်ငံအနေဖြင့် ယင်း၏တရားဝင်အခွင့်အရေးများကို မည်သည့်အခါမျှ စွန့်လွှတ်မည်မဟုတ်ကြောင်း၊ သို့သော် ချူကလီးယား သုတေသနလုပ်ငန်းကို အရပ်ဘက်အသုံးချရေးတွင် ကန့်သတ်ထားမည်ဖြစ်ကြောင်း အီရန်သမ္မတ မိုဟာမက်ခါတာမီက မေ ၂၈ရက်တွင် ပြောကြားလိုက်သည်။

မျက်မှောက်ခေတ်တွင် ကမ္ဘာပေါ်၌အရာရာတိုးတက်နေသည်ကို အကြောင်းပြုပြီး အီရန်နိုင်ငံအနေဖြင့် ချူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုခွင့်ရှိကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်အမြဲတမ်းကိုယ်စားလှယ် မိုဟာမက် မက်ဒီအကွန်ဇာဒက်နှင့်တွေ့ဆုံစဉ် အီရန်သမ္မတ ခါတာမီက ပြောကြားလိုက်သည်ဟု ဆိုသည်။

ငြိမ်းချမ်းရေး

အီရန်နိုင်ငံက ဥရောပနှင့်တွေ့ဆုံဆွေးနွေးပွဲများကို မူအားဖြင့် လက်ခံကြောင်း၊ သို့ဖြင့် ထိုနယ်ပယ်တွင် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ရေးကို ကမ်းလှမ်းထားကြောင်း၊ ချူကလီးယားစွမ်းအင်နယ်ပယ်မှ အီရန်၏ ရပ်တည်ချက်မှာ ငြိမ်းချမ်းရေးအတွက် သက်သက်ဖြစ်ကြောင်း သမ္မတခါတာမီက ထပ်မံပြောကြားလိုက်သည်။

ငြင်းပယ်

အီရန်အစိုးရအနေဖြင့် ချူကလီးယားလက်နက်များ လျှို့ဝှက်ထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟု အမေရိကန်နိုင်ငံက စွပ်စွဲထားသည်။ အီရန်အစိုးရကမူ ထိုစွပ်စွဲချက်မှာ နိုင်ငံရေးရောပြွန်းပြောဆိုခြင်းဖြစ်သည်ဟုဆိုကာ ငြင်းပယ်လိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် မယ်စကြာဝဠာပြိုင်ပွဲ ၂၀၀၅တွင် မယ်စကြာဝဠာ သရဖူဆွတ်ခူးရရှိသွားသော ကနေဒါနိုင်ငံမှ နာတာလီဂျလီဘိုဇာအား မေ ၃၁ ရက်က မယ်စကြာဝဠာဘွဲ့ဆွတ်ခူးပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့် ဘူတန်နှစ်နိုင်ငံသို့ ထိုင်းဝန်ကြီးချုပ် သွားရောက်လည်ပတ်မည်

ဗန်ကောက် မေ ၂၉

ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်သည် အိန္ဒိယနှင့်ဘူတန်တို့သို့ ဇွန် ၃ရက်နှင့် ၆ရက်တွင် သွားရောက်လည်ပတ်မည်ဖြစ်ပြီး လုံခြုံရေးမှ စိုက်ပျိုးရေးနှင့်ပြန်ကြားရေးနည်းပညာ(အိုင်တီ) အကြောင်းအရာများထိ ဆွေးနွေးမည်ဟု ထိုင်းသတင်းဌာနက မေ ၂၈ရက် စနေနေ့တွင် သတင်းဖော်ပြလိုက်သည်။

မျှော်လင့်

ထိုင်း-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်ရေးဒေသ(အယ်က်တီအေ) သဘောတူချက်အရ ထိုင်းစိုက်ပျိုးရေး ထုတ်ကုန်လေးမျိုးလွတ်လပ်စွာ တင်သွင်းမှုကို အိန္ဒိယက စစ်ဆေးခွင့်ရှိမည်ဖြစ်သည်။ ထိုင်းနိုင်ငံက သကြားပြောင်းနှင့် မန်ကျည်းသီးပါဝင်သော ထိုင်းထုတ်ကုန်များကိုစာရင်း၌ နောက်ထပ်ထည့်သွင်းရန် မျှော်လင့်ထားသည်။

ဆွေးနွေးမည်

အိန္ဒိယသို့ သွားရောက်စဉ် ဝန်ကြီးချုပ်သည် လုံခြုံရေးကိစ္စ၊ အိုင်တီနှင့် အခြားအကြောင်းအရာများကို ဆွေးနွေးမည်ဖြစ်ပြီး ဘူတန်၌ စိုက်ပျိုးရေး အထောက်အကူ လေ့ကျင့်သင်ကြားမှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးကိစ္စတို့ကို ဆွေးနွေးမည်ဖြစ်သည်။

ပေးအပ်မည်

ဘူတန်နိုင်ငံသို့ သွားရောက်ရာတွင် စပါးကြိတ်စက်နှင့် လျှပ်စစ်ဓာတ်အားထုတ်စက်များကို ဘူတန်သို့ လွှဲပြောင်းပေးအပ်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်တက်လုပ်ငန်းဖြင့် ခရီးသွားလုပ်ငန်းတိုးတက်ရေး နီပေါအစိုးရ လုပ်ဆောင်သွားမည်

ခတ္တမန္ဒူ မေ ၃၁

နီပေါအစိုးရသည် တောင်တက်ခရီးသွားလုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နီပေါနိုင်ငံကို စံပြုထိုက်သော ခရီးပန်းတိုင်နိုင်ငံအဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ခတ္တမန္ဒူ၌ မေ ၃၀ ရက်က ပြောကြားသည်။

ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်များ၏ ရွှေရတုသဘင်အခမ်းအနားကို ကျင်းပပြီးနောက် ကမ္ဘာတစ်ဝန်းတွင် နီပေါနိုင်ငံ၌ တောင်တက်ခြင်းအလုပ်သည် နိုးကြွလာခဲ့သည်ဟု ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်တွင်းလေကြောင်း ဌာနဝန်ကြီး ဘူဒ်ိရာ့ဂျ်ဘက်ချ်ရက်ချာဗရာက သတင်းထောက်များကို ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် မီတာ ၈၀၀၀ ကျော်သောတောင်ထိပ် ၁၄ ခုရှိသည့်အနက် ရှစ်ခုသည် နီပေါ၌ ရှိရာ စွန့်စားမှုရှိသော ခရီးသွားလုပ်ငန်းနှင့် တောင်တက်ခြင်းလုပ်ငန်း အတွက် နီပေါနိုင်ငံသည် အကောင်းဆုံးခရီးပန်းတိုင်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

နှစ်စဉ် ခြေလျှင်ခရီးကြမ်းနှင့် တောင်တက်ခြင်းအတွက် ကမ္ဘာလှည့်ခရီးသည်များ၏ ၂၈ ရာခိုင်နှုန်းသည် နီပေါသို့ လာရောက်ကြကြောင်း၊ ယခုနှစ်၌ ကိုမိုလန်ကာတောင်သို့ တက်ရောက်ခွင့်ကို အသင်း ၂၂ သင်း ရရှိထားပြီး အခြားတောင်ထိပ်များသို့ တက်ရန် ၃၃ သင်း ခွင့်ပြုချက်ရရှိထားကြောင်း ဝန်ကြီးက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်၌ တောင်တက်ကြသော ၁၃ သင်းထံမှ ဒေါ်လာ ၁ ဒသမ ၅၇ သန်းခန့်ကို နီပေါနိုင်ငံ ရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်၊ အိန္ဒိယနှစ်နိုင်ငံတို့နှင့် ဆက်ဆံရေးရုရှားတိုးမြှင့်ဆောင်ရွက်သွားမည်

မော်စကို မေ ၃၁

အနာဂတ်ကာလတွင် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့နှင့်အတူ သုံးနိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရန် မိမိနိုင်ငံက ကြိုးစားပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အလက်ဇန္ဒားယာကိုဗင်ကိုက မေ ၃၁ရက်တွင် ပြောကြားလိုက်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့်အတူ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများဖြစ်သော လီကျောက်ရှင်း၊ နက်ဝါဆင်းတို့နှင့် တွေ့ဆုံဆွေးနွေးစဉ် မိမိတို့အနေဖြင့် နိုင်ငံအချင်းချင်း ဆက်ဆံရေးအဆင့်သစ်သို့ရောက်ရှိအောင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာချီလက်ဗ်ရော့ဗ်က ပြောကြားသည်။

ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးမှုကို ရုရှားနိုင်ငံအရှေ့ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သော ဗလာဒီဗိုစတော့ခ်မြို့၌ မေ ၂၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး အဆိုပါသုံးနိုင်ငံအနေဖြင့် ပထမဆုံးအဆင့်မြင့် ဆွေးနွေးပွဲတစ်ရပ်ပင်ဖြစ်သည်။အဆိုပါ ဆွေးနွေးပွဲတွင် စွမ်းအင်နှင့်အခြားကိစ္စရပ်များတွင် စွမ်းအား ပြည့်ပူးပေါင်းဆောင်ရွက်ရေးအပြင် ဒေသအတွင်း တည်ငြိမ်မှုရရှိရေးနှင့် စီးပွားရေးပိုမိုကောင်းမွန်ရေးကို အကူအညီပေးသွားကြရန် ဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံပိုင် အီတာတတ့်စ် သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှု လျော့နည်းစေရန် ဇမ်ဘီယာ၌ လူ ၉၀၀၀ကျော်ကို သင်တန်းပေးခဲ့

လူကာဆာ မေ ၃၀

ဇမ်ဘီယာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုဒဏ် လျော့နည်းသက်သာစေရန်ကြိုးပမ်းရာတွင် ကျွမ်းကျင်မှုအမျိုးမျိုးရှိကြသော လူ ၉၀၀၀ကျော်ကို ဇမ်ဘီယာနိုင်ငံ ကော့ပါးဘဲ့လ်ပြည်နယ်ရှိ ကုမ္ပဏီတစ်ခုက အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်သင်တန်းပေးခဲ့သည်ဟု လူထုဆက်သွယ်ရေးက ပြောကြားသည်။

အဆိုပါကုမ္ပဏီသည် ကနဦး၌ လူ ၁၉၀၀ကို သင်တန်းပေးရန်ရည်ရွယ်ခဲ့သော်လည်း မျှော်မှန်းသည်ထက် ပိုလက်ခံရရှိခဲ့သည်။

လူ ၉၀၀၀ကို အုပ်စု ၄၀အပိုင်းခွဲခြားပြီး ၎င်းတို့သည် ဆွေးနွေးလမ်းညွှန်မှုပေးခြင်း၊ စမ်းသပ်ခြင်း၊ ကွန်ဒွန်ကို အကျိုးရှိရှိ အသုံးချခြင်းနှင့် လုပ်ငန်းခွင်များ၌ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကို ခွဲခြားမထားခြင်းတို့ကို သဘောဆန္ဒအလျောက် ပိုမိုလုပ်ဆောင်ရာတွင် အထောက်အကူပေးကြမည် ဖြစ်သည်။

တရားဝင်ဖော်ပြသည့် အချက်အလက်က ဇမ်ဘီယာတွင် အရွယ်ရောက်သူငါးဦးတိုင်းတွင် တစ်ဦးအိပ်ချ်အိုင်ဗွီရှိကြောင်း ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

စစ်ဆေး

ဘဂ္ဂဒက်မြို့တွင် အလုပ်ရုံတစ်ရုံအတွင်း ဝင်ရောက်စစ်ဆေးရှာဖွေရန် ကြိုးစားနေသော အမေရိကန် တပ်ဖွဲ့ဝင်များကို မေ ၃၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီတလီစစ်ဘက်ရဟတ်ယာဉ် အီရတ်၌ပျက်ကျ

ရောမ ဇွန် ၁

အီတလီစစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဆီရီယာမြို့၏ အရှေ့တောင်ဘက် ရှစ်မိုင်ခန့်၌ ပျက်ကျသဖြင့် ရဟတ်ယာဉ်ပေါ်ပါ တပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားကြောင်း အီတလီစစ်ဘက်က အင်္ဂါနေ့၌ ပြောကြားသည်။

အဆက်အသွယ်ပြတ်

ယင်းရဟတ်ယာဉ်သည် ကူဝိတ်နိုင်ငံတကာလေဆိပ်မှ ပြန်လာခြင်းဖြစ်ပြီး ကူဝိတ်နိုင်ငံ လင့်မ်ဘူရင်၌ ဆီဖြည့်ကာပြန်တက်ခဲ့ရာ ပျံတက်ပြီးမကြာမီ၌ အဆက်အသွယ်ပြတ်သွားခဲ့ကြောင်း စစ်ဘက်ကြေညာချက်၌ ပါရှိသည်။

ရှာဖွေတွေ့ရှိ

ကယ်ဆယ်ရေးအဖွဲ့သည် အဆိုပါရဟတ်ယာဉ်ပျက်အား နာဆီရီယာ အဆီတော်လင်လ်လေတပ်အခြေစိုက်စခန်းနှင့် ကပ်လျက်သဲကန္တာရအတွင်း၌ ရှာဖွေတွေ့ရှိခဲ့သည်။ စစ်ဘက်ကအဖြစ်အပျက်ကို စုံစမ်းလျက်ရှိသည်။

(အင်တာနက်)

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)စစ်ဆေး တစ်နှစ်လျှင် တစ်ခါသုံး ဆေးထိုးအပ် သန်း ၃၀၊ သွေးကြောသွင်းဆေးရည် ၂ ဒသမ ၅ သန်း ထုတ်လုပ်မည်

ရန်ကုန် ဇွန် ၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၉ရက် ညနေ ၄ နာရီခွဲက စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(စစ်ကိုင်း)ရှိ မြန်မာ့ရိုးရာ ရက်ကန်းအလုပ်ရုံသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးသည် မြန်မာ့ရိုးရာ ရက်ကန်းအလုပ်ရုံက ထုတ် လုပ်သည့် အမျိုးသားဝတ် ကချင်လုံချည်၊ အမျိုးသမီးဝတ် ချင်းလုံချည်၊ ပလေကပ် လုံချည်များ၊ ဂျပ်ခုတ်လွယ်အိတ်နှင့် ဆိပ်ခွန်လုံချည်များကို ကြည့်ရှုသည်။

စစ်ဆေး

ဆက်လက်၍ မြန်မာ့ရိုးရာဂျပ်ခုတ်လွယ်အိတ် စမ်းသပ်ထုတ်လုပ်မှု၊ ချင်းရိုးရာတဘက်ရက်လုပ်မှု၊ လက်သုတ်ပဝါ၊ အမျိုးသားဝတ် ဆိပ်ခွန်လုံချည်နှင့် ကချင်လုံချည်ရက်လုပ်မှု အခြေအနေများကို စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မုံရွာ၊ မြင်းခြံနှင့် အောင်လံမြို့နယ်များမှ ထွက်သော (ခ)အဆင့်နှင့်(ဂ)အဆင့် ဝါဂွမ်းများ၏ အရည်အသွေးကို ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်ရုံက တီထွင်ထုတ်လုပ်ထားသော စက်အရန်ပစ္စည်းများနှင့် ပြည်ပ စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး ဗိုင်းတောင့်စက်၊ဝါလိပ်စက် ၊အပင်ပေါင်းစက်၊ချည်ငင်စက်၊ ရက်ဖောက်စက်များနှင့် ရက်ကန်းစင် ၆၀၀ ၏ အထည်ရက်လုပ်မှု လုပ်ငန်းများကို ကြည့်ရှု၍ ချီးမြှင့်သင့်သည့် ဝန်ထမ်းများအား ချီးမြှင့်သွားရေး မှာကြားသည်။

ထို့နောက် စစ်ကိုင်းရှိ ဝါမျိုးသန့် စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး ၁၉၂ ဒသမ ၆၁ ဧကေ၌ ဝါစိုက်ရန် မြေပြုပြင်မှု အခြေအနေများကို ကြည့်ရှု စစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မေ ၃၀ရက် နံနက် ၇နာရီခွဲတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၌ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဆေးဝါး လုပ်ငန်း စက်ရုံ(အင်ရောင်း) စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးမြင့်ဦးက တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်ရေး အဆောက် အအုံ တည်ဆောက်ပြီးစီးမှု၊သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးအဆောက် အအုံ၊ ထိုးဆေးအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက် ပြီးစီးမှု အခြေအနေများ၊ စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်စမ်းသပ်လည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းစဉ်ဇယားနှင့် အညီ အမြန်ပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် အခန်းဆောင်များဖွဲ့စည်းရာတွင် GMP စနစ်နှင့် လိုက်လျောညီထွေစေရေး စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သွေးကြောသွင်းဆေးရည် စက်ရုံအဆောက် အအုံကိုလည်းကောင်း၊ ယင်း အဆောက်အအုံအတွင်းရှိ အခန်းဖွဲ့စည်းမှုအခြေ အနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဓာတုဗေဒဓာတ်ခွဲခန်း၌ စက်ရုံထုတ် တစ်ခါသုံး အပ်များ၏ ချို့ယွင်းချက်များအား အဏုကြည့်မှန်ဘီလူးဖြင့် စစ်ဆေး ခြင်း လုပ်ငန်းများကို စစ်ဆေးပြီး စစ်ဆေးခြင်းလုပ်ငန်းများကို ယေဘုယျ သဘောဖြင့် စစ်ဆေးမှုမပြုဘဲ အသေးစိတ် စစ်ဆေးသွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စက်ရုံဝင်းအတွင်း အဆောက် အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် မြက်ပင်များ စိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။ **(ဓါတ်ပုံ)**

ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)ပြီးစီးပါက တစ်နှစ်လျှင် တစ်ခါသုံး ဆေးထိုးအပ် သန်း ၃၀၊ သွေးကြောသွင်းဆေးရည်(500 ML)၂ ဒသမ ၅ သန်း ထုတ်လုပ်သွားနိုင်မည်ဖြစ်ပြီး ထိုးဆေးများအနေဖြင့် တစ်နှစ်လျှင် ၂၄သန်း ထုတ်လုပ်သွားနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မင်းစုကျေးရွာ၌ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းက အကောင်အထည်ဖော်လျက်ရှိသော ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံး ပစ္စည်းစက်ရုံ စီမံကိန်း (မင်းစု)သို့ ရောက်ရှိပြီး ပင်မ အဆောက်အအုံ တည်ဆောက်မှု အခြေအနေများ၊ ချေးချွတ် ကြွေကြိတ်နှင့် အရောင်တင်ဌာန အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် တိုးချဲ့စက်ရုံ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က ရှင်းလင်းပြသသည်။

ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်း စက်ရုံစီမံကိန်းကို မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာနှင့် အင်ရောင်းကျေးရွာ အကြား ရွှေဂူကြီး ဘုရားအနီး၌ တည်ဆောက်အကောင်အထည် ဖော်နေခြင်းဖြစ်ပြီး ကြွေရည်စိမ် ပစ္စည်း ၁၄ မျိုးနှင့် စတီးလ်အိမ်သုံးပစ္စည်း ၃၄ မျိုး ထုတ်လုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးလုပ်ငန်းနှင့် ပုစွန်လုပ်ငန်းဦးစီးဌာန ညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် ဇွန် ၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုစွန်လုပ်ငန်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို မေ ၃၀ရက် နံနက်ပိုင်းက အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်း အဝေးခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက် ရောက်၍ နိုင်ငံတော်၏သား၊ ငါးကဏ္ဍဆိုင်ရာ စားနပ်ရိက္ခာထုတ်လုပ်မှု တိုးတက်လာမှု အခြေအနေ၊ ဝန်ကြီးဌာန၏ လုပ်ငန်းလျာထားချက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများ၊ ပြည်တွင်းရိက္ခာဖူလုံပိုလျှံရုံမျှမက နိုင်ငံခြားငွေ တိုးတက်ရှာဖွေနိုင်မှု အခြေအနေများနှင့် ပြည်ပဈေးကွက်တိုးချဲ့ရှာဖွေ ဆောင်ရွက်သွားရမည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

တစ်ဦးချင်းစားသုံးမှုတင်ပြ

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်း ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်လွင်က မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် သား၊ ငါးကဏ္ဍ ထုတ်လုပ်မှုနှင့် တိုးတက်မှုနှုန်း အခြေအနေ နှင့် နှစ်အလိုက်နိုင်ငံခြားဝင်ငွေ တိုးတက်ရှာဖွေနိုင်မှုအခြေ အနေများကို လည်းကောင်း၊ ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ် အတွင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုစွန်လုပ်ငန်းဦးစီးဌာန တို့၏ ရငွေ၊သုံးငွေအခြေအနေနှင့်မြန်မာနိုင်ငံ လူတစ်ဦးချင်း အလိုက် အသား၊ ငါး၊ နို့နှင့်ဥ စားသုံးမှုပမာဏအခြေအနေ များကို တင်ပြသည်။

အကောင်အထည်ဖော်ဆောင်ရွက်

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်၊ တိုင်းဦးစီးဌာနမှူးများ၊ မွေးမြူရေးစခန်းတာဝန်ခံများက ၂၀၀၄-၂၀၀၅ခုနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၀၅-၂၀၀၆ခုနှစ် လုပ်ငန်းလျာထားချက်အပေါ် အကောင် အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြ

မွန်းလွဲပိုင်းတွင် ပုစွန်လုပ်ငန်း ဦးစီးဌာန လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပုစွန်လုပ်ငန်းဦးစီးဌာန ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူးများက ၂၀၀၄-၂၀၀၅ခုနှစ် အတွင်း လုပ်ငန်းလျာထားချက်အပေါ် ပုစွန်ရည်နှင့် ပုစွန်ထွက် ပစ္စည်းထုတ်လုပ်နိုင်မှု အခြေအနေများကို တင်ပြကြရာ ပုစွန်လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ငါးလုပ်ငန်းဦးစီးဌာနနှင့်ပုစွန်လုပ်ငန်းဦးစီးဌာနတို့၏ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ် လျာထားချက် အပေါ်လိုအပ် သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လိပ်မျိုးများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/ ၂၀၀၅

လိပ်မျိုးများသည် ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလု သတ္တဝါမျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်၃၀မှ ၅၀အထိကြာမြင့်ပြီး အရွယ်ရောက် လိပ်ကြီးတစ်ကောင် ဖြစ်လာရန် မမျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိရာ မြန်မာနိုင်ငံတွင် ငါးမျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်းစောင့်ရှောက် ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိပိုက်များ၌ လိပ်များလွတ်မြောက်စေနိုင်သော ကိရိယာ Turtle Excluder Devices (TEDs) များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတု စွန့်ပစ္စည်းများ ရေပြင်သို့ မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ်(၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောင့်အယှက် ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်း တစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်းမပြုလုပ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်များကို လိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

အမှုထမ်းသက် မှတ်တမ်းစာအုပ်ရောင်းချ

ရန်ကုန် ဇွန် ၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က အမှုထမ်းသက် မှတ်တမ်းစာအုပ် (Service Book)ကို ယနေ့ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါ အမှုထမ်းသက် မှတ်တမ်းစာအုပ် ဝယ်ယူလိုသော ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများသည် အမှာစာ၊ အသုံးပြုမည့် ဝန်ထမ်းအမည်စာရင်း၊ ကိုယ်စားလှယ်လွှဲစာတို့နှင့်အတူ မန်နေဂျာ–အရောင်းဌာန၊ စာပေဗိမာန် အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၃၈၁၄၄၈၊ ၂၄၉၀၃၁ တို့သို့ ဆက်သွယ်၍ ကျသင့်ငွေကို မျဉ်းသားချက် သို့မဟုတ် ငွေသားဖြင့်ပေးချေကာ ဝယ်နိုင်သည်။

ဝန်ထမ်းတစ်ဦးချင်း ဝယ်ယူလိုပါက ဝန်ထမ်းစိစစ်ရေးကတ်ပြ၍ စာပေဗိမာန်စာအုပ်ဆိုင်တွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်
ပိုစတာ၊စာစီစာကုံးနှင့်ရောင်စုံဓာတ်ပုံပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇွန် ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲတွင် ပထမဆုရရှိသူများ၏ ပိုစတာများကို အပြည်ပြည်ဆိုင်ရာ ပိုစတာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနချုပ်သို့ ပေးပို့မည်ဖြစ်သဖြင့် ပြိုင်ပွဲတွင် သရုပ်ဖော်ရေးဆွဲရမည့်ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် Equality၊ မြန်မာဘာသာဖြင့် အမျိုးသမီးများအရေးပါမှုအလေးထား၊ ကမ္ဘာမြေဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်အား ဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့အတွက် ခေါင်းစဉ်မှာ အမျိုးသမီးများအရေးပါမှုအလေးထား၊ ကမ္ဘာမြေဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်အား ဖြစ်သည်။

ပိုစတာပြိုင်ပွဲ

ပိုစတာပြိုင်ပွဲကို အသက်အလိုက် အဆင့်ငါးဆင့်ခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ အဆင့်(၁)တွင် အသက် ၆နှစ်မှ ၈နှစ်၊ အဆင့်(၂)တွင် အသက် ၉နှစ်မှ ၁၂နှစ်၊ အဆင့်(၃)တွင် အသက် ၁၃နှစ်မှ ၁၅နှစ်၊ အဆင့်(၄)တွင် အသက် ၁၆နှစ်မှ ၁၈နှစ်၊ အဆင့်(၅)တွင် အသက် ၁၉နှစ်နှင့်အထက်ရှိသူများဖြင့် သတ်မှတ်ထားသည်။ အဆင့်(၁)မှ အဆင့်(၄)အထိပြိုင်ပွဲကို ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများက ကြီးမှူး၍ ပြည်နယ်/တိုင်း မြို့ကြီးများရှိ သတ်မှတ်ထားသောနေရာများ၌ ဇွန် ၁၁ ရက်(စနေနေ့)တွင် လေးနာရီကြာ ကျင်းပမည်ဖြစ်ရာ ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပေးမည့် ၁၅လက်မ x ၂၀လက်မ ၂၀ပုံဆွဲစက္ကူဖြင့်သာ လက်တွေ့ ရေးဆွဲယှဉ်ပြိုင်ရမည် ဖြစ်သည်။ အဆင့်(၁)မှ အဆင့်(၄)အထိ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် ဇွန် ၈ရက်နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။ အဆင့်(၅)ကို အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး ၁၈ လက်မ x ၂၄ လက်မ အရွယ် မိမိကြိုက်နှစ်သက်ရာပုံဆွဲစက္ကူကို အသုံးပြုရေးဆွဲပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများသို့ ဇွန် ၁၄ ရက် သို့မဟုတ် ပြည်သူ့အင်အားဦးစီးဌာန ရန်ကုန်မြို့သို့ ဇွန် ၂၇ ရက် ညနေ ၄နာရီနောက်ဆုံးထား၍ ပေးပို့ရမည်။ ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်သူများသည် ပြည်သူ့အင်အားဦးစီးဌာန ရန်ကုန်မြို့သို့ ဇွန် ၂၇ ရက် ညနေ ၄နာရီနောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် အဆင့်(၁)မှ အဆင့်(၄)အထိ ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု သုံးဆုအဖြစ် ငွေကျပ်နှစ်သောင်းစီ သတ်မှတ်ထားပြီး အဆင့်(၅) အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်း၊ တတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်နှင့် အထူးဆု သုံးဆုအဖြစ် ငွေကျပ် သုံးသောင်းစီ သတ်မှတ်ထားသည်။

စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးကို မြန်မာဘာသာဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲကို တက္ကသိုလ်/ကောလိပ်အဆင့်၊ အထက်တန်းအဆင့် ၈၊ ၉၊ ၁၀ တန်းနှင့် အလယ်တန်းအဆင့် ၅၊ ၆၊ ၇ တန်းအဆင့် သုံးဆင့်ခွဲ၍ ပြည်နယ်/တိုင်း မြို့ကြီးများ၌ ဇွန် ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် တက္ကသိုလ်/ကောလိပ်အဆင့်အတွက် ပထမဆု ငွေကျပ် လေးသောင်း၊ ဒုတိယဆု ငွေကျပ် သုံးသောင်းငါးထောင်၊ တတိယဆု ငွေကျပ် သုံးသောင်းနှင့် အထူးဆု သုံးဆုအား ငွေကျပ် နှစ်သောင်းစီ သတ်မှတ်ထားပါသည်။ အထက်တန်းအဆင့်အတွက် ပထမဆု ငွေကျပ် သုံးသောင်းငါးထောင်၊ ဒုတိယဆု ငွေကျပ် သုံးသောင်း၊ တတိယဆု ငွေကျပ် နှစ်သောင်းငါးထောင်နှင့် အထူးဆု သုံးဆုအား ငွေကျပ်တစ်သောင်းငါးထောင်စီ သတ်မှတ်ထားပါသည်။ အလယ်တန်းအဆင့်အတွက် ပထမဆု ငွေကျပ် သုံးသောင်း၊ ဒုတိယဆု ငွေကျပ် နှစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ် နှစ်သောင်းနှင့် အထူးဆု သုံးဆုအား ငွေကျပ် တစ်သောင်းစီ သတ်မှတ်ထားသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပထမအကြိမ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ x ၁၄ လက်မအရွယ်အစား Print ပုံဖြင့် အရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ် နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ် တစ်သိန်းနှင့် အထူးဆု ငါးဆုအဖြစ် ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးမောင်မောင်မြင့် လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန အမှတ် ၄၁၆ မဟာဗန္ဓုလလမ်း ရန်ကုန်မြို့သို့ ဇွန် ၂၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူများမှ တိုက်ရိုက်ပေးပို့ရမည်။ ရောင်စုံဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံ သည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (Caption)အပြည့်အစုံ ပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ဆုချီးမြှင့်

ပြိုင်ပွဲများတွင် ဗဟိုအဆင့် ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို ရန်ကုန်မြို့၌ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည် ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများမှတစ်ဆင့် ဆုရရှိသူများထံ ပေးပို့မည်ဖြစ်သည်။

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် ကြည့်ရှုနိုင်ပြီး ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်မည့်သူများအနေဖြင့် ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရန်ကုန်မြို့တွင် ကြည့်ရှုနိုင်သည်။

ဆက်သွယ်စုံစမ်းနိုင်

မရှင်းလင်းသည့် အချက်အလက်များရှိပါက ပိုစတာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်း ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း–၃၈၂၁၀၇၊ အတွင်းရေးမှူး ဦးမြင့်သိန်း လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း–၃၈၅၉၈၃ နှင့် စာစီစာကုံးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးချစ်ရင် ခေတ္တညွှန်ကြားရေးမှူး စီမံနှင့်ဘဏ္ဍာဌာနခွဲ ပြည်သူ့အင်အားဦးစီးဌာန ဖုန်း–၃၇၂၉၆၈၊ ဓာတ်ပုံပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်မြင့် လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း–၃၈၅၉၈၀ နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်း (ရန်ကုန်မြို့) ဖုန်း–၃၇၃၁၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင် နွေရာသီသင်တန်းပေါင်းစုံဆင်းပွဲ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဇွန် ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းက သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပသည့် နွေရာသီ သင်တန်းပေါင်းစုံဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကြည့်ရှုအားပေး

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နံနက်ပိုင်းတွင် သာကေတမြို့နယ် အသင်းရုံးသို့ ရောက်ရှိပြီး မြန်မာ့သိုင်းသင်တန်းသားများ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် မြို့နယ်အသင်းရုံးခန်းမ၌ သင်တန်းဆင်းပွဲကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က အသင်းအတွက် အလှူငွေများကို ပေးအပ်ရာ တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက လက်ခံရယူသည်။ ထို့နောက် တိုင်းနှင့် ခရိုင်အသင်းမှ တာဝန်ရှိသူများက သင်တန်းအလိုက် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြပြီး မြို့နယ်အသင်း အလုပ်အမှုဆောင်က သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင်သည် သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောဝတီရေတပ်စခန်းဌာနချုပ် ပထမအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၇ ရက်က သီဟသူရထွန်းတင်ခန်းမတွင် ကျင်းပရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အထွေထွေအတွင်းရေးမှူး ဦးစိန်သန်းက ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၅၂)

အဘိဓမ္မာပြန့်ပွားရေးအသင်း စည်းဝေးမည်

ရန်ကုန် ဇွန် ၁

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၅၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းလမ်းမကြီး အမှတ် ၄၉/၅၁ ရှိ အဘိဓမ္မ ရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

● *ရှေ့ဖုံးမှ*

တပ်မတော်ဘော်လီဘောကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထိန်လင်းနှင့် တပ်မတော်အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲမစတင်မီ နှစ်နိုင်ငံတပ်မတော်ဘောလုံးအသင်းများက ကွင်းအတွင်းဝင်ရောက်နေရာယူကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် နှစ်နိုင်ငံတပ်မတော်ဘောလုံးအသင်းဥက္ကဋ္ဌများလိုက်ပါလျက် အိန္ဒိယတပ်မတော်ဘောလုံးအသင်းနှင့်မြန်မာ့တပ်မတော်ဘောလုံးအသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအားနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပန်းစည်းများပေးအပ်

ယင်းနောက် မြန်မာလုပျိုဖြူလေးများက နှစ်နိုင်ငံတပ်မတော်ဘောလုံးအသင်းများမှ အားကစားသမားများအား ချစ်ကြည်ရေးအထိမ်းအမှတ် ပန်းစည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံ တပ်မတော်ဘောလုံးအသင်းတို့မှ အားကစားသမားများက အပြန်အလှန်နှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့်အိန္ဒိယတပ်မတော်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ မြန်မာ့တပ်မတော်ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အိန္ဒိယတပ်မတော်ဘောလုံးအသင်းအား ချစ်ကြည်ရေးပြိုင်ပွဲအထိမ်းအမှတ် ချစ်ကြည်ရေးဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် နှစ်နိုင်ငံတပ်မတော်ဘောလုံးအသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အနိုင်ရရှိသည့် မြန်မာ့တပ်မတော်ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့တပ်မတော်ဘောလုံးအသင်းအား ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းအားပေးအပ်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မူလတန်းကြိုကျောင်းများအတွက် သင်ထောက်ကူပစ္စည်းပေးအပ်

ရန်ကုန် ဇွန် ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် အင်းတကော်ရှိ နယ်မြေခံတပ်ရင်း မူလတန်းကြိုကျောင်းမှ ကလေးများအတွက် ကစားစရာ၊ စက်ဘီးများနှင့် သင်ထောက်ကူပစ္စည်းများကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌထံပေးအပ်ပြီး တပ်ဖွဲ့ဝင် မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

သင်ထောက်ကူပစ္စည်းပေးအပ်

ထို့နောက် ဝန်ကြီးသည် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် မူလတန်းကြိုကျောင်းသို့ရောက်ရှိပြီး ကလေးများအတွက် ကစားစရာ၊ စက်ဘီးများနှင့် သင်ထောက်ကူပစ္စည်းများကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌထံ ပေးအပ်သည်။

တွေ့ဆုံမှာကြား

ယင်းနောက် ဝန်ကြီးသည် ပဲခူးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂-၆-၂၀၀၅

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀	၆။	အတီးပြိုင်ပွဲ
၈း၂၀	၇။	အကပဒေသာ
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇း၄၅	၈။	**"မျှော်သူမမောစေချင်"** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၈း၀၀	၉။	တေးဂီတအစီအစဉ်
၁၈း၁၀	၁၀။	နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၂၀	၁၁။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၃၅)
၁၉း၃၅	၁၅။	တေးဂီတအစီအစဉ်
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ **"ရာမာယဏ ဇာတ်တော်ကြီးပြိုင်ပွဲ"** (ပထမဆု) (ရန်ကုန်တိုင်း) [ဒုတိယပိုင်း]
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း

သတ္တမအကြိမ် ညီလာခံ

ဇွန်လ ၆ ရက်မှ ၈ ရက်အထိ

သူနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့။

❒ *ကျောဖုံးမှ*

အခြေခံပညာကဏ္ဍမျှော်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ပီပြင်အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်အဓိကလုပ်ငန်းရပ်တစ်ခုဖြစ်သည့် ကျောင်းနေအရွယ်ကလေးအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေရေးဆိုင်ရာလုပ်ငန်းများကို ပထမနှစ်တို ငါးနှစ်စီမံကိန်းကာလအတွင်း ထိရောက်စွာဆောင်ရွက်ရန်လိုအပ်လာသည့်အတွက်ယခုလိုကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပနေခြင်းဖြစ်ကြောင်း၊ "ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး" ဟူသောဆောင်ပုဒ်အတိုင်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ကျောင်းနေမြဲရေး၊မူလတန်းပညာပြီးဆုံးအောင် သင်ကြားရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး လက်တွဲညီညီ အားသွန်ခွန်စိုက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးကြပါလို့တိုက်တွန်းလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရှမ်းပြည်နယ် ပြည်နယ်ပညာရေးမှူး ဦးစောထွန်းက ကျောင်းအပ်နှံရေးနေ့ဆိုင်ရာလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန၊ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စေတနာရှင်များမှ စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ၊ပညာသင်ထောက်ပံ့စရိတ်၊ စာသင်ဆောင်၊ ပရိဘောဂအလှူငွေများအား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူအသီးသီးကလက်ခံရယူသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ်ပညာရေးမှူး ဦးလှသိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံမှုအားကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျောက်မဲ၊ သီပေါနှင့် နမ္မတူ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ(B.Sc Phy)သည် နယုန်လဆန်း ၆ရက်မှ ၁၂ ရက်ထိ ကျောက်မဲမြို့၌ လည်းကောင်း၊ နယုန်လဆန်း ၁၃ ရက်မှ နယုန်လပြည့်ကျော် ၂ရက်ထိ သီပေါမြို့၌လည်းကောင်း၊နယုန်လပြည့်ကျော် ၄ ရက်မှ ၁၂ ရက်ထိ နမ္မတူမြို့၌လည်းကောင်း ဖော်ပြပါမြို့ရွာရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာများတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ မည်သူမဆိုတရားနာတရားအားထုတ်နိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၀၅

(ကြာသပတေးနေ့)

၇း၀၀	MRTV-4°အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မျိုးဆက်သစ်ပန်းချီဆရာလေး ဗင်းဆင့်မင်းလွင်
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ရေနွေးငွေ့သုံး အရောင်တင်စက်
၇း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၀	ဆေးရွက်ကြီးအန္တရာယ်
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ညောင်နှစ်ပင်ခရမ်းချဉ်သီးစိုက်ပျိုးနည်း
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	UEFA Stories Euro 2004 (Group-B°)
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀	ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	ဗွီစီဒီလှိုင်းခတ်သံ (မိုးစက်နှင်းဆီသို့တမ်းခြင်း-၁)
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	စိတ်ဝင်စားစရာ ပုလဲရတနာ
၁၀း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၅၀	မြန်မာ့ကြယ်ငါးပွင့်သဘော်ာလုပ်ငန်း
၁၁း၀၀	MRTV-4°အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်၏စေတနာကို အလေးအနက်နားလည်သဘောပေါက် လေ့ကျင့်သင်ကြားမှုများ ယုံကြည်ချက်၊ ခံယူချက်အပြည့်ဖြင့်သင်ယူ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများဖြစ်အောင်ကြိုးစား

ရန်ကုန် ဇွန် ၁

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မဟာပညာရေးဘွဲ့ သင်တန်း၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူး နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်း၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်းနှင့် အလယ်တန်းဆရာအတတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ၄၅ မိနစ်တွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုသင်တန်းသားရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ တက္ကသိုလ်ကောင်စီဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ တက္ကသိုလ်ကောင်စီဝင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဗိုလ်မှူးကြီးကျော်ဇံလှ၊ စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေး အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာဆရာမများနှင့် သင်တန်းသားသင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် တည်ထောင်ဖွင့်လှစ်ထားသော တက္ကသိုလ်ကြီးတွင် နိုင်ငံတော်၏ တာဝန်ယူပျိုးထောင်မှုဖြင့် တက်ရောက်ပညာဆည်းပူးခွင့်ရရှိသည်ကို မောင်တို့ မယ်တို့အနေဖြင့် ဂုဏ်ယူတန်ဖိုးထားကြရမှာဖြစ်ကြောင်း။

ကြိုးပမ်းသင်ယူ

ခေတ်မီ ဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အတွက် လိုအပ်သည့်ထူးချွန်ထက်မြက်သော တပည့်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး အတွက် မိမိတို့ကိုယ်တိုင် အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများ ဖြစ်လာအောင် ကြိုးစားသင်ယူကြရမှာ ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းဆင်းပြီး နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများ၏ ပညာအရည်အချင်း မြှင့်တင်ပေးနိုင်ရေး အတွက်တက္ကသိုလ်တွင် ဖွင့်လှစ်ပေးထားသည့် သင်တန်းအသီးသီးသို့ တက်ရောက်ကာ ပညာရေးဘွဲ့ရယူနိုင်အောင် နိုင်ငံတော်ကစီမံပေးထားသည့် စေတနာကို အလေးအနက် နားလည်သဘောပေါက်ကြပြီး တက္ကသိုလ်က ချမှတ်ထားသည့် စည်းကမ်းများကို တိကျစွာလိုက်နာကြကာ လေ့ကျင့်သင်ကြားမှုများကို ယုံကြည်ချက်၊ ခံယူချက်အပြည့်ဖြင့် ကြိုးစားသင်ယူကြရမည်ဖြစ်ကြောင်း။

တက္ကသိုလ်ဂုဏ်မြှင့်တင်

နိုင်ငံတော်ကြီး ဖြစ်တည်ရေး အတွက် မရှိမဖြစ်လိုအပ်သည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်ကို တိုင်းရင်းသား ပြည်သူများအကြား ဆက်လက် ရှင်သန်ပြန့်ပွားနေအောင် ကြိုးပမ်း အကောင်အထည်ဖော်ကြရန်နှင့် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများအဖြစ်ဖြင့် နိုင်ငံတော်၏ အကျိုးနှင့် တက္ကသိုလ်၏ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက သင်တန်းနှင့်ပတ်သက်သော အစီရင်ခံစာကို တင်သွင်းသည်။

ဆုချီးမြှင့်

ယင်းနောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သာအေးက ၂၀၀၄-၂၀၀၅ပညာသင်နှစ်စံပြတပ်ခွဲဆုရ ဘုရင့်နောင်တပ်ခွဲအား ဆုချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးသည်သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်သင်ယူ

၂၀၀၅-၂၀၀၆ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ဖွင့်လှစ်မည့် သင်တန်းအသီးသီးသို့ စုစုပေါင်း သင်တန်းသားသင်တန်းသူ၁၃၇၈ဦး တက်ရောက်သင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မဟာပညာရေးဘွဲ့သင်တန်း၊ ပညာရေးဘွဲ့တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ ပေါင်းကူး နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်း၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းနှင့် အလယ်တန်းဆရာအတတ်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁

ကာကွယ်ရေးဝန်ကြီးဌာနရှိရုံးဌာနအသီးသီးမှ အရာရှိ၊စစ်သည်များ၏ စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ကာကွယ်ရေးဝန်ကြီးဌာနခန်းမဆောင်၌ကျင်းပရာကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံးဌာနအသီးသီးမှ အရာရှိ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြပြီး ကာကွယ်ရေးဝန်ကြီးဌာနစစ်ခန်းမှူးရုံးစစ်ခန်းမှူးဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် အရာရှိ၊အရာခံ၊ အကြပ်၊တပ်သားအဆင့် လေးဆင့်ခွဲ၍ ယှဉ်ပြိုင်ရာ အရာရှိအဆင့် ၃၃ ဦး၊ အရာခံအဆင့် ၄၇ ဦး၊ အကြပ်အဆင့် ၆၂ ဦးနှင့် တပ်သားအဆင့် ၃၂ ဦး စုစုပေါင်း ၁၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။ **(သတင်းစဉ်)**

ရေနံခိုအောင်းနိုင်မည့် သဲကြောများ ပိုမိုတိကျစွာသိရှိနိုင်ရေး ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ဆောင်ရွက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇွန် ၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၀ ရက် နံနက်ပိုင်းက မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်ရှိ ဒဟတ်ပင်ရေနံမြေသို့ သွားရောက်စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးအား ရေနံမြေလုပ်ငန်းခွင် ရှင်းလင်းဆောင်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဒဟတ်ပင်-ရေနံမ ရေနံမြေ၏သမိုင်းကြောင်း၊ လက်ရှိထုတ်လုပ်နေသည့် သဲကြောများအခြေအနေ၊ ဆက်လက်တူးဖော်သွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရေနံခိုအောင်းနိုင်မည့် သဲကြောများအခြေအနေကို ပိုမိုတိကျသေချာစွာ သိရှိနိုင်ရေးအတွက် ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်သွားရန် မှာကြားပြီး ရေနံမြေအတွင်း ထုတ်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဒဟတ်ပင်-ရေနံမ ရေနံမြေကို ၁၉၁၄ခုနှစ်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ပေတိမ်တွင်းများမှ တစ်နေ့လျှင် ရေနံစိမ်း စည် ၆၀ခန့်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။ ယခုအခါ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရေနံစိမ်းအထွက်တိုးရေးအတွက် ပေတိမ်တွင်းများအပြင် ပေနက်တွင်းများကိုပါ ရှာဖွေတူးဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် ထောက်ရှာပင်-ကမ်းနီ ရေနံမြေ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ လက်ခံသိုလှောင်စခန်း သံကန်အမှတ်(၂)သို့ရောက်ရှိပြီး ရေနံစိမ်းလက်ခံသိုလှောင်မှု အခြေအနေ၊ ရေနံချက်စက်ရုံသို့ ပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးစားဆောင်ရွက်

ယင်းနေ့ နေ့လယ်ပိုင်းတွင် ဝန်ကြီးသည် ထောက်ရှာပင်ရေနံမြေ တွင်းသစ်အမှတ်(၇၀၆)တူးဖော်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရေနံမြေအထွေထွေမန်နေဂျာ ဦးနုက ရေနံမြေတစ်ခုလုံး၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအခြေအနေကိုလည်းကောင်း၊ တွင်းသစ်တူးဖော်ခြင်းနှင့် တွင်းဟောင်းပြုပြင်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ တွင်းသစ်အမှတ်(၇၀၆) တူးဖော်မှုအခြေအနေနှင့် အလားအလာများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ထောက်ရှာပင်-ကမ်းနီဒေသသည် မြေအောက်တွန်းကန်အား များသော ဒေသဖြစ်၍ ပေနက်တွင်းများ တူးဖော်ရာတွင် နည်းပညာပိုင်းအရ လိုအပ်လာမည့် ပစ္စည်းများကို ကြိုတင်စုဆောင်းထားရန်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး တွင်းသစ်အမှတ်(၇၀၆) တူးဖော်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ထောက်ရှာပင်ရေနံမြေရှိ ကျွဲသုံးမြှောင်ရေနံသိုလှောင်စခန်းသို့ရောက်ရှိပြီး မသမာမှု၊ မရိုးသားမှုများ ပပျောက်စေရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁-၆-၂၀၀၅

ကျောက်ဖြူမြို့	၃	ဒသမ	၆၆	လက်မ
အမ်းမြို့	၃	ဒသမ	၁၁	လက်မ
ရေးမြို့	၃	ဒသမ	၀၃	လက်မ
ကိုကိုးကျွန်း	၂	ဒသမ	၉၅	လက်မ
ပုသိမ်မြို့	၂	ဒသမ	၀၅	လက်မ

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ကုလမဟာမင်းကြီးရုံး အကြီးအကဲတွေ့ဆုံ

ရန်ကုန် ဇွန် ၁

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား UNHCR အကြီးအကဲ Mr. °Sivanka °Dhanapala သည် ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇွန် ၁

(၁၉၇)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀

အထူးဆု

ဌ-၁၅၀၁၂၂

ကျပ်သိန်း ၅၀ ဆုများ

သ-၃၉၀၃၀၁၊ လ-၆၉၆၅၅၉
ဂ-၂၈၈၀၆၇၊ ပ-၅၃၄၈၀၃
ကက-၈၁၅၈၃၈၊ ဟ-၃၈၉၂၀၁
ဖ-၅၃၂၉၆၆၊ င-၆၀၅၁၈၉
ပ-၄၈၂၉၂၄

ကျပ် ၂၅ သိန်းဆုများ

ဝ-၄၃၁၆၁၅၊ ထ-၈၆၈၇၃၈
အ-၅၇၇၈၉၉၊ ဟ-၈၂၀၈၇၆
သ-၁၃၀၉၂၆၊ ခ-၈၉၃၂၁၈
ပ-၇၆၂၃၉၀၊ သ-၈၉၇၃၃၆
ဟ-၇၉၉၀၀၈

ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)ဆုများ

ဟ-၆၅၀၉၆၄၊ ဟ-၇၇၇၂၆၁
ဓ-၂၀၄၂၀၂၊ ဌ-၆၁၉၂၈၀
ထ-၂၈၄၄၁၇၊ လ-၅၄၁၀၇၀
ဘ-၉၃၆၂၇၄၊ အ-၃၉၆၄၈၄
အ-၂၈၄၆၇၆၊ ဆ-၃၇၂၅၂၁
ထ-၁၆၇၇၉၄၊ ကခ-၇၄၀၁၈၆
ဠ-၃၀၄၂၀၁၊ ဓ-၈၈၉၉၉၂
င-၁၅၇၇၉၇၊ ဋ-၈၄၃၉၇၃
အ-၆၀၆၀၂၇၊ ဏ-၄၇၂၃၇၇
ဌ-၇၅၀၄၃၄

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီးဦးအောင်သောင်း မန္တလေးစက်မှုဇုန်စစ်ဆေး စက်မှုကုန်ထုတ်လုပ်ငန်းများ အရည်အသွေးမြင့်မားတိုးတက်ရေးဆွေးနွေးမှာကြား

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးစက်မှုဇုန် အဆင့်တိုးမြှင့်ရေးစီမံကိန်းရှိ သံရည်ကျိုပုံလောင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

ရန်ကုန် ဇွန် ၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၀ ရက် မွန်းလွဲ၁နာရီခွဲ က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း သံရည်ကျိုစက်ရုံသို့ရောက်ရှိကြပြီး သံရည်ကျိုမီးဖိုအမှတ်(၁)မှ သံရည်ကျိုမှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးစက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများမှ ထုတ်လုပ်ထားရှိသည့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးကြပြီး စီမံကိန်းရုံး၌ မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များအားတွေ့ဆုံကာ စက်မှုကုန်ထုတ်လုပ်ငန်းများအရည်အသွေးမြင့်မား တိုးတက်ရေးနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်အဝင်လမ်း၊ တောင်သမန်ကန်အရှေ့ခြမ်း၊ ကန်ပတ်လမ်း၌ အရှည်ပေ ၃၅၅၀ရှိ ရေကာကျောက်ရိုးစီခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ချမ်းမြသာစည်မြို့နယ် မန္တလေးကန်တော်ကြီးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပြည်ကြီးမွန်ဖောင်တော်တို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တောင်ကြီးမြို့ရှိ ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဦးမောင်ဖေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၁ ရက်နံနက်ပိုင်းက တောင်ကြီးမြို့သို့ရောက်ရှိပြီး ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ တောင်ကြီးကိုယ်ပွားသတင်းစာတိုက်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ဒုတိယဝန်ကြီးက စက်ရုံများကို လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ရေး၊ ထူးခြားမှုများဖြစ်ပေါ်လာပါက သက်ဆိုင်ရာဒေသအာဏာပိုင်ထံ ချက်ချင်းတင်ပြဆောင်ရွက်ကြရေး၊ ပုံနှိပ်စက်များတွင် မကြာခဏ ချွတ်ယွင်းတတ်သော စက်ပစ္စည်းများကို အရန်ထားရှိနိုင်အောင် ဆောင်ရွက်ရေး၊ သတင်းစာများကို မိမိတို့ ဖြန့်ဝေရမည့် နေရာအသီးသီးသို့ နေ့ချင်းရောက်အောင် ပို့ဆောင်နိုင်ရေး၊ စာကြည့်တိုက်များကို ပြည်သူများ အပန်းဖြေနားနေရင်း ပညာဗဟုသုတရှာမှီးရာ နေရာဖြစ်အောင် ဆောင်ရွက်ရေးနှင့် အခက်အခဲများရှိပါက ဒေသအာဏာပိုင်ထံတင်ပြပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ကြီးခရိုင်ရှိ ပြန်ကြားရေးဝန်ထမ်းအားလုံးနှင့် တောင်ကြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌တွေ့ဆုံကာ နိုင်ငံတော်၏ ရည်မှန်းချက် အောင်မြင်အောင် အဆင့်ဆင့် ဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မိမိတို့ တာဝန်ယူရသော နယ်မြေအတွင်းရှိ ပြည်သူများအနေဖြင့် သိသင့်သိထိုက်သော သတင်းများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိရအောင် ဆောင်ရွက်သွားကြရေး မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ထစ်ချုန်းရွာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ထပ်မံသတင်းရရှိ

ရန်ကုန် ဇွန် ၁

၂၀၀၅ခုနှစ် ဇွန်၁ရက်ထုတ် သတင်းစာများတွင်ပါရှိသည့် "ပျူခေတ်ဦးရှေးဟောင်းရွှေငွေရုပ်ပွားတော်များ မိုင်းမောမြို့ဟောင်း၌တွေ့ရှိ" သတင်းတွင် "ရွှေချထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူ"အား "ခြေတော်စုံတွဲလောင်းချထိုင်တော်မူ ဗုဒ္ဓရွှေရုပ်ပွားတော်လေးဆူ"ဟူ၍လည်းကောင်း၊ "ငွေဆင်းတုများတွင် ရွှေချထားသောငွေဆင်းတုနှစ်ဆူ"အား "ငွေရုပ်ပွားတော်များတွင် ခြေတော်စုံတွဲလောင်းချထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ"ဟူ၍လည်းကောင်း သက်ဆိုင်ရာက ထပ်မံသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တောင်ကြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ တောင်ကြီးခရိုင်ရှိ ပြန်ကြားရေးဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

၁၉၆၉ခုနှစ် ဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ရကျောင်းသားကျောင်းသူဟောင်းများ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်တက္ကသိုလ်မှ ၁၉၆၉ခုနှစ် ဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၂၀၀၅ခုနှစ် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မေ၂၉ရက် မွန်းလွဲ၁နာရီက တက္ကသိုလ်များမွေ့ာရုံ၌ကျင်းပရာ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာခင်အေး(မောင်ခင်မင်၊ဓနုဖြူ)နှင့် မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများ၊ ကျောင်းသား၊ကျောင်းသူဟောင်းများ၊ ဖိတ်ကြားထားသော ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများကို ၁၉၆၉ခုနှစ် ဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ရ ကျောင်းသား၊ကျောင်းသူဟောင်းများက ကန်တော့ကြပြီး ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများကိုယ်စား ဆရာကြီးဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး)နှင့် ဆရာမကြီးဒေါ်သီသီထွင့်တို့က ဩဝါဒစကားများ ပြောကြားကြပြီး ကျောင်းသား၊ကျောင်းသူဟောင်းများ ကိုယ်စား ဒေါ်မြမြဟိန်းက ကျေးဇူးတင်စကားပြောကြားသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၃၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၇၈၈၂)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့
လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

စည်ကား

မန္တလေးမြို့ ဝင်းလိုက် ရုပ်ရှင်ရုံတွင် မြန်မာရာဇဝင် ဇာတ်ကား ကျန်စစ်မင်းအား လာရောက် ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

● *ကျော့ဖုံးမှ*

မြန်မာတို့၏ဘုရင် **ကျန်စစ်မင်း**ကို ကမ္ဘာကသိရှိစေရန် သရုပ်ဆောင်ဒါရိုက်တာ လူမင်းက ရာဇဝင်သမိုင်းအထောက်အထားနှင့်အညီ ကြိုးပမ်းတင်ဆက်ထားသည်။ **ကျန်စစ်မင်း** ဇာတ်လမ်းမှာ စိတ်ကူးယဉ်ဇာတ်လမ်းမဟုတ်။ လူပြိန်းကြိုက် ဖန်တီးတင်ဆက်ထားခြင်းမရှိ၊ တစ်ချိန်က မြန်မာ့ရာဇဝင်တွင် လျှမ်းလျှမ်းတောက်ကျော်ကြားပြီး မော်ကွန်းတင်ရသည့် မြန်မာ့သူရဲကောင်း ဘုရင်တစ်ပါးအကြောင်း ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရာဇဝင် သမိုင်းအထောက်အထားအရ အရှိကို အရှိအတိုင်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ရုပ်ရှင်အနုပညာဖြင့် ခြယ်မှုန်းတင်ပြထားသည်။

မြန်မာ့ရာဇဝင်ကို မှတ်တမ်းတင်ရာတွင် ပီပြင်မှုရှိစေရန်အတွက် အဆင့်မြင့်နည်းပညာများ၊ ကွန်ပျူတာ အထူးပြုလုပ်ချက်များဖြင့် နိုင်ငံတကာအဆင့်မီ ရိုက်ကူးတင်ဆက်ထားသည်။ မြန်မာ့ရုပ်ရှင် နိုင်ငံတကာရုပ်ရှင်လောကသို့ ထိုးဖောက်နိုင်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် မလေးရှား၊ စင်ကာပူနှင့် သြစတြေးလျနိုင်ငံများတွင် ပြသခဲ့ရာ ရုပ်ရှင်ချစ်သူများ လှိုက်လှိုက်လှဲလှဲ ကြည့်ရှုအားပေးသည်အထိ အောင်မြင်မှုရရှိခဲ့သောဇာတ်ကားဖြစ်သည်။

ဇာတ်လမ်းမှာ ဂေါတမမြတ်စွာဘုရား သာသနာတော်သည် အိန္ဒိယမြောက်ပိုင်းမှ သီဟိုဠ်၊ သီဟိုဠ်မှ တစ်ဖန် သထုံနေပြည်တော်ကို ကြားခံ၍ ပုဂံမင်းနေပြည်တော်သို့တိုင် ထွန်းကားပြန့်ပွားလာစေရန် အရှင်အရဟံအားဦးထိပ်ထားလျက် မင်းကြီးအနော်ရထာနှင့် ကျန်စစ်မင်းတို့က ပိဋကတ်တော်များကို ခမ်းနားကြီးကျယ်စွာ ပင့်ဆောင်ပြီး ပူဇော်ခဲ့ကြသည်။ တစ်ဆက်တည်းပင် တန္တရဝါဒီအရည်းကြီးများကိုသုတ်သင်ရှင်းလင်း၍ ထေရဝါဒသာသနာတော်ကို ပွင့်ထွန်းစေခဲ့သည်။

အနော်ရထာမင်းမြတ်ကလည်း ကျန်စစ်သားကို အဓိကလက်ရုံးအဖြစ် အားထားကာ ညောင်ဦးဖီး၊ ငလုံးလက်ဖယ်၊ ငထွေးရူး စသော သူရဲကောင်း သုံးဦးနှင့်အတူ ဘုရင့်တပ်မတော်ကြီးကို ကျစ်လျစ်ခိုင်မာအောင် တည်ဆောက်လျက် ပထမမြန်မာနိုင်ငံတော်ကြီးကို စည်ပင်ဝပြောစေခဲ့သည်။

နိုင်ငံခြားမှ ဂျွမ်းစစ်သည်များ ဥဿာပဲခူးကို ဝိုင်းဝန်းရန်ပြုလာသောအခါ ဥဿာမင်းက စစ်ကူတောင်းလာသဖြင့် ကျန်စစ်သားဦးဆောင်သော သူရဲကောင်းလေးဦးကို စစ်ကူစေလွှတ်လိုက်ရာ မြန်မာ့တပ်မတော်က စစ်သေနင်္ဗျူဟာ ကျွမ်းကျင်စွာဖြင့် ဝံ့ဝံ့စားစားချေမှုန်းနိုင်ခဲ့သည်။ ထိုအောင်မြင်မှုကြောင့်ပင် ဥဿာမင်းက ကျေးဇူးတင်စွာဖြင့်သမီးတော်မဏိစန္ဒာ(ခင်ဦး)ကို လက်ဆောင်ပစ္စည်းများစွာနှင့်အတူ ပုဂံပြည့်ရှင် အနော်ရထာမင်းအတွက် ပဏ္ဏာတော် ဆက်သလိုက်ရာမှ ရသစုံဇာတ်ကားကောင်း ဖြစ်လာသည်။

မြန်မာပြည်သူတို့၏ လေးစားဂုဏ်ယူဖွယ်၊ အတုယူဖွယ် မြန်မာဘုရင်တစ်ပါး၏ ဖြစ်ရပ်မှန်ဇာတ်ကားကို မြန်မာတိုင်း ကြည့်ကြရမည့်ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

စတိုင်ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။ (မြန်မာ့အလင်း)

လာမည့်သောကြာပတ်တွင် Kung Fu Hustle အက်ရှင်ဇာတ်ကားသစ် နေပြည်တော်ရုံ၌ ရုံဝင်လာသည်။ ရှေ့ဆောင်ရုံ၌ Alexander ရာဇဝင်ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ မြို့မရုံတွင် Khiladi 420 အိန္ဒိယဇာတ်ကား ရုံဝင်လာပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် Escape From L.A အက်ရှင်ဇာတ်ကားပြသလျက်ရှိသည်။ ရွှေဂုန်ရုံမြေညီထပ်တွင် ဒါရိုက်တာမိုက်တီး၏ **စတိုင်**ဇာတ်ကား ပြသနေသည်။ **စတိုင်**ဇာတ်ကားတွင် လွင်မိုး၊ ရာဇာနေဝင်း၊ ဇာဂနာ၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်နန္ဒာနှင့် မေသဉ္ဇာဦးတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။ **(မြန်မာ့အလင်း)**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗုဒ္ဓဓမ္မဒီပလိုမာအပ်နှင်းပွဲနှင့် သင်တန်းသားသစ်ကြိုဆိုပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဗုဒ္ဓဓမ္မ ဒီပလိုမာအောင်လက်မှတ်ချီးမြှင့်အပ်နှင်းပွဲနှင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ဗုဒ္ဓဓမ္မ ဒီပလိုမာ သင်တန်းသားသစ် ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဘာဝနာမဟာသဘာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ ပါမောက္ခ၊ ကထိကနှင့် နည်းပြဆရာတော်များ၊ သင်တန်းသား ရဟန်းတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်နှင့် သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ပါမောက္ခ၊ ကထိကနှင့် နည်းပြဆရာ၊ ဆရာမကြီးများ၊ သင်တန်းသား သံဃာတော်များ၊ သင်တန်းသူ သီလရှင်များ၊ လူပုဂ္ဂိုလ် သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သြဝါဒစကားမြွက်ကြား

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်ကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ ဆရာတော်က သြဝါဒကထာ မြွက်ကြားတော်မူသည်။

အောင်လက်မှတ်အပ်နှင်း

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဒေါက်တာ ကုမာရာဘိဝံသက ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ဗုဒ္ဓဓမ္မဒီပလိုမာ အောင်မြင်ကြသော ပြည်ပနိုင်ငံများမှ ရဟန်းတော် ၂၂ ပါး၊ ပြည်တွင်းမှ ရဟန်းတော် ၁၃ ပါး၊ ပြည်ပနိုင်ငံများမှ သီလရှင်လေးပါးနှင့် အမျိုးသမီးငါးဦး၊ ပြည်တွင်းမှ အမျိုးသားနှစ်ဦး၊ သီလရှင် ၁၁ ပါးနှင့် အမျိုးသမီး ငါးဦးတို့အား ဒီပလိုမာအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော်က သင်တန်းသားသစ် ရဟန်းတော်များအား ကျောင်းတံဆိပ်ပါ ကတ္တီပါယပ်များကို လည်းကောင်း၊ သင်တန်းသားသစ် သီလရှင်များ၊ အမျိုးသားများနှင့် အမျိုးသမီးများအား ကျောင်းတံဆိပ်ပါ ယောဂီလောဘက်ကို လည်းကောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ဒီပလိုမာ သင်တန်းသားသစ်များအဖြစ် အသိအမှတ်ပြုသောအားဖြင့် အပ်နှင်းသည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင်ဟော်ကီအားကစားသမားများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေ့ကျင့်နိုင်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို မေ ၂၅ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ မြန်မာ့လက်ရွေးစင် ဟော်ကီအားကစားသမားများ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွားရောက်လေ့ကျင့်နိုင်ရန် ငွေလှူဒါန်းပွဲကျင်းပသည်။

အခမ်းအနားတွင် မကြာမီကာလ၌ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုအရ မြန်မာ့လက်ရွေးစင် ဟော်ကီအားကစားသမားများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် နှစ်လကြာသွားရောက်၍ ပူးတွဲလေ့ကျင့်နိုင်ရန်အတွက် အလှူရှင်များက ငွေလှူဒါန်းရာ Naing Group ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်ဦးက ငွေကျပ် ၁၅ သိန်း၊ ရှိုင်းဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်ဝင်းက ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များက လှူဒါန်းရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ)**
(ဟော်ကီအဖွဲ့ချုပ်)

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်

ရန်ကုန် ဇွန် ၁

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် အများအားဖြင့် မှတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇွန် ၂ ရက် ညနေအထိ ခန့်မှန်းချက်အရ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲ၊ မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်သာရှိပြီး ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်အရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

စိမ်းလန်းသာယာ မြို့များစွာ
ကမ္ဘာအတွက် စီမံချက်

GREEN CITIES
PLAN FOR THE PLANET!
WORLD ENVIRONMENT DAY
5 JUNE 2005

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
၂၀၀၅ ခုနှစ် ဇွန်လ ၅ ရက်။

ကျောက်ပန်းတောင်းမြို့နယ်၌ မြို့ဦးစေတီတည်ဆောက် တတိယအကြိမ်အလှူငွေပေးအပ်ပွဲ ကျင်းပ

ကျောက်ပန်းတောင်း မေ ၂၃

ကျောက်ပန်းတောင်းမြို့တွင် မြို့ဦးစေတီတည်ဆောက်လျက်ရှိရာ တတိယအကြိမ်အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို မေ၁၄ရက် မွန်းလွဲ ၂နာရီက မြို့နယ် သာသနာ့ဗိမာန်၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒ အမှူးပြုသောဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းနှင့်အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ စေတီတည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ၍ သြဝါဒကထာကို ခံယူကြပြီး စေတီတော်ကြီးတည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး မန္တလေးတိုင်းတာဝန်ခံ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း–ဒေါ်ခင်ရီမိသားစုက (ပထမ)အကြိမ် ငွေကျပ် ၁၀သိန်း၊ ဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါ) ဆေးဝါးလုပ်ငန်းထုတ်လုပ်ရေး ရန်ကုန်က ငွေကျပ် သိန်း၃၀၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးအေးလွင်–ဒေါ်ခင်လေး (Sun Bean International Co.,Ltd.)မိသားစု ရန်ကုန်က ငွေကျပ် သိန်း၂၀၊ ရန်ကုန်မြို့ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ–ဒေါ်ခင်ညွန့်မြိုင်မိသားစုက ငွေကျပ်သိန်း ၂၀၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း–ဒေါ်ဆင်နု မိသားစု ရန်ကုန်က ငွေကျပ်သိန်း ၂၀၊ ဦးလှမြင့်–ဒေါ်အေးမြမှူ (Kiss Video) မိသားစု ရန်ကုန်က ငွေကျပ်သိန်း ၂၀နှင့် တက်ရောက်လာကြသော အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ နယ်မြေခံ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(ဝ၆၁)

ဓနုဖြူရှေးဟောင်းသမိုင်းဝင် မြကျိုက်ပြန်စေတီ ပြန်လည်တည်ဆောက် ဌာပနာတိုက်ပိတ်ပွဲ ရတနာအုတ်မြစ်တော်စီအခမ်းအနားကျင်းပ

ဓနုဖြူ မေ ၂၈

ဓနုဖြူမြို့အရှေ့ဘက်ကမ်း စံကင်းကျောက်တိုင်ကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် မြကျိုက်ပြန်စေတီတော်အား စံကင်းကျောက်တိုင်ကျေးရွာအဝင် ကားလမ်းဘေးတွင် ရွှေတိဂုံပုံတူအသစ် ပြန်လည်တည်ဆောက်လျက်ရှိရာ မေ၂၂ရက် (ကဆုန် လပြည့်နေ့)နံနက်က စံကင်းကျောက်တိုင်ကျေးရွာဥက္ကဋ္ဌနှင့် ဘုရားဂေါပကအဖွဲ့ဝင်များ ပူးပေါင်း၍ ဌာပနာတိုက်ပိတ်ပွဲနှင့် အရံစေတီတော်ရှစ်ဆူအား ရတနာအုတ်မြစ်စီ အခမ်းအနားကျင်းပသည်။

တက်ရောက်ပူဇော်

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နာယကဆရာတော်ကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်မြင့်၊ မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွင်နှင့် ကျေးရွာဥက္ကဋ္ဌများ၊ ဘုရားဂေါပက အဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာ အသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများတက်ရောက်ပူဇော်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး သြဝါဒစရိယဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၉ နာရီ ၁၈မိနစ်တွင် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရှိန်ဦးဆောင်သောအဖွဲ့က ရှေးဟောင်းဓာတ်တော်၊ မွေတော် ဗုဒ္ဓရုပ်ပွားတော်များနှင့် ရတနာပစ္စည်းများကို ဌာပနာတိုက်ထဲသို့ထည့်သွင်းပြီး ဌာပနာတိုက် ပိတ်သိမ်း၍ စံကင်းကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဦးဆောင်သောအဖွဲ့သည် ပန်းတင်ခုံ ရှစ်နေရာတွင် အရံစေတီ တည်ဆောက်မည့်နေရာများ၌ နေ့နံအလိုက် တာဝန်ရှိသူများက ရွှေအုတ်၊ ငွေအုတ်၊ စိန်အုတ်၊ ပတ္တမြားအုတ်နှင့် ရတနာအုတ်များကို အလှည့်ကျ အုတ်မြစ်စီပေးကြသည်။**(အောက်ပုံ) (ဝ၅)**

ကျေးလက် တစ်ခွင် ပွံ့ဖြိုးစည်ပင်

မေ ၂၆ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် အဖွဲ့သံတောင်မြို့ မြို့တွင်းလမ်း၊အမက ကျောင်းလမ်းခွဲအနီး ကျောက်စီမြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်နေမှုကိုကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

သီပေါမြို့နယ် ပညာရေးကော်မတီကြီးမှူး မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

သီပေါ မေ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ပညာရေးကော်မတီက ကြီးမှူး၍ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၃ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ချက်ရှင်း

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သောင်းသောင်းက မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမဲ့ဖြန့်ဝေ

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ သူငယ်တန်းကျောင်းသားများအတွက် အခမဲ့ဖြန့်ဝေသော လေ့ကျင့်ခန်းသင်ခန်းစာ စာအုပ်အစုံ ၂၄၀၀နှင့် မြို့နယ်ပညာရေးဌာနမှ ဗလာစာအုပ် ဒါဇင် ၄၀ကို သီပေါမြို့နယ် အတွင်းရေးမှူး ဦးစိုင်းသာလှိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေရှိန်၊အထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အင်(န်)ဂျီးတောင်နှင့် မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်သောင်းသောင်း**(အောက်ပုံ)**တို့က ကျောင်းသားကျောင်းသူလေးများအား ပေးအပ်ကြသည်။

(၃၀၆)

မုံရွာမြို့ မအူကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် အလှူရှင်များက စာအုပ်နှင့် အလှူငွေများပေးအပ်လှူဒါန်း

မုံရွာ မေ ၃၁

မုံရွာမြို့နယ် မအူကျေးရွာအုပ်စု မအူကျေးရွာ ပွင့်လင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၄ရက်နံနက် ၉နာရီက မအူကျေးရွာ ဖူးမစဲဘုရားကြီးအတွင်းရှိ အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်ကို မုံရွာခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကြည်စိန်၊ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌဦးကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

အခမ်းအနားတွင် မုံရွာခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကြည်စိန်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ကျေးလက်နေပြည်သူများ စာပေလေ့လာရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ပွင့်လင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ်များနှင့် အလှူငွေများကို စာပေအလှူရှင်များက ပေးအပ်လှူဒါန်းကြပြီး စာကြည့်တိုက်မှူး ဦးဝင်းထွန်းနိုင်က စာကြည့်တိုက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လက်ထောက်ညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။**(ခရိုင်ပြန်/ဆက်)**

တပ်ကုန်းမြို့တွင် နွေရာသီ ကွန်ပျူတာသင်တန်းဆင်း

တပ်ကုန်း မေ ၁၅

တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီကွန်ပျူတာ အခြေခံပညာသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၀ရက်က အထက(၁) ကွန်ပျူတာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနိုင်နိုင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် အလုပ်အမှုဆောင် ဦးဖေအံ့မောင်တို့က အမှာစကားပြောကြားပြီး ဆုရသင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၂၆၆)**

၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအကြို ခြေစမ်းပွဲများကစား ပြင်သစ်က ဟန်ဂေရီကိုအနိုင်ရ၊ အိုဝင်၏ဟက်ထရစ်ဖြင့် အင်္ဂလန်နိုင်ပွဲဆက်

ပါရီ ဇွန် ၁

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများပြန်လည်မကစားမီ ခြေစမ်းပွဲများ ကစားလျက်ရှိရာ မေ ၃၁ရက်က ပြင်သစ်နှင့် ဟန်ဂေရီ၊ ကိုလံဘီယာနှင့် အင်္ဂလန်တို့ ခြေစမ်းပွဲများကစားရာ ပြင်သစ်က ဟန်ဂေရီကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အင်္ဂလန်က ကိုလံဘီယာကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြင်သစ်နှင့် ဟန်ဂေရီ

ဥရောပဇုန် အုပ်စု(ဃ)မှ ပြင်သစ်နှင့် ဥရောပဇုန်အုပ်စု(ဇ)မှ ဟန်ဂေရီတို့ ပြင်သစ်နိုင်ငံ စတိတ်ဒီဖရင့်အားကစားကွင်း၌ မေ ၃၁ ရက်က ယှဉ်ပြိုင်ကစားရာ ပြင်သစ်တို့အိမ်ကွင်း၌ ပထမဆုံးအနိုင်ကစားနိုင်ခဲ့သည်။

ပြင်သစ်နည်းပြ ရေးမော့ဒိုမင်နစ်က ပြင်သစ်တိုက်စစ်တွင် ဝီးလ်တော့၊ မာလော့ဒါနှင့် ဆစ်စီတို့ကိုထားပြီး ကစားစေခဲ့သလို အလယ်တန်းတွင်လည်း ရော့တန်၊ ပီဒရာတီနှင့် ဒိုရာဆိုတို့နှင့် အပြောင်းအလဲပြုလုပ်ပြီး တိုက်စစ်ကို ပံ့ပိုးစေခဲ့သည်။

ပြင်သစ်အသင်းသည် ကစားကွက်အချိတ်အဆက်မှန်မှန်၊ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် တိုက်စစ်ဆင်ကစားရာ ပွဲစချိန် ၁၁မိနစ်မှာပင် ဝီးလ်တော့ ဘောလုံးသယ်ယူလာပြီး ဖြတ်ပေးလိုက်သည့်ဘောလုံးကို တိုက်စစ်မှူးဆစ်စီက ကန်သွင်းယူခဲ့သဖြင့် ပြင်သစ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။



၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအကြို ခြေစမ်းပွဲအဖြစ် ပြင်သစ်နှင့် ဟန်ဂေရီတို့ပွဲတွင် ပြင်သစ်မှ ရိုသမ် (ယာ)က ဟန်ဂေရီမှ ဇေတန်ဂီရာ ထိုးဖောက်မှုကို ဟန့်တားရန် ကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဖွင့်ဂိုးရရှိသည်နှင့် ပြင်သစ်တို့ အနိုင်ဂိုးများဆက်တိုက်သွင်းယူနိုင်ရေးအတွက် ဟန်ဂေရီအသင်းဘက်သို့ ဖိကစားထားရာ ဟန်ဂေရီတို့ ပြင်သစ်တိုက်စစ်ကို ဟန့်တားထိန်းချုပ်နိုင်အောင် ကြိုးစားခဲ့ရသည်။

သို့သော် ၃၅မိနစ်တွင် ပြင်သစ်တိုက်စစ်မှူး မာလော့ဒါက ဟန်ဂေရီ နောက်တန်းခံစစ်မှူး နှစ်ယောက်ကို ကျော်ဖြတ်ပြီး ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ပြန်သည်။ ပထမပိုင်းပွဲချိန်ပြီးသည်အထိ ပြင်သစ်တို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ပြင်သစ်အသင်းမှ ဝီးလ်တော့အစား ဂိုဗူး၊ ဒိုရာဆိုအစား မာဗူဘာ၊ ဆစ်စီအစား ဂူလီ၊ ဂယ်လက်စ်အစား စကွိုင်လက်စီတို့ကို အစားထိုးဝင်ရောက် ကစားခဲ့သည်။

ဟန်ဂေရီအသင်းကလည်း လူလေးယောက်အထိ လဲလှယ်ကစားစေခဲ့ပြီး ချေပဂိုးရရှိရေး ကြိုးစားကစားရာမှ ဒုတိယပိုင်း ၇၉ မိနစ်တွင် ဟုစ်တီအစား ဝင်ရောက်ကစားသည့် ကီရီကက်စ်က ဟန်ဂေရီအတွက် ချေပဂိုးတစ်ဂိုးပြန် သွင်းနိုင်သဖြင့် ပြင်သစ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်အသင်းသည် ပြီးခဲ့သည့် ၂၀၀၄ခုနှစ် ဇူလိုင်လကတည်းကစတင်ပြီး အိမ်ကွင်း၌ သရေပွဲများဖြင့်သာ ကြုံတွေ့ခဲ့ရာမှ ယခုအကြိမ်သည် ပထမဆုံး အိမ်ကွင်း၌ အောင်ပွဲရခြင်းဖြစ်သည်။ ပြင်သစ်အသင်းသည် ဥရောပဇုန် အုပ်စု(ဃ)တွင် ခြောက်ပွဲကစား ၁၀မှတ်ရရှိနေပြီး အိုင်ယာလန်နောက် ဒုတိယနေရာတွင် ရပ်တည်နေသည်။

ကိုလံဘီယာနှင့်အင်္ဂလန်

ကိုလံဘီယာကွင်းတွင် ကစားရမည့် ခြေစမ်းပွဲကို နည်းပြအဲရစ်ဆင်သည် ရှေ့တန်းတွင် မိုက်ကယ်အိုဝင်၊ ပီတာခရော့ချ်၊ ဂျိုကိုးလ်နှင့် ဂျာမိန်းဂျီနက်စ် တို့ကိုထားပြီး အလယ်တန်းတွင် ဒေးဗစ်ဘက်ဟမ်း နှင့် ကာရစ်တို့ကို ထားကာ နောက်တန်းတွင် အက်ရှ်လေကိုး၊ ဂျွန်ဆင်၊ ဇက်နိုက်၊ ဖီးလ်နဗီးတို့ဖြင့် ခံစစ်ကြောင်း တည်ဆောက်၍ ဂိုးသမား ဒေးဗစ်ဂျိမ်းစ်ကိုပင် တာဝန်ယူစေခဲ့သည်။

ကိုလံဘီယာနှင့် အင်္ဂလန်တို့ ခြေစမ်းပွဲတွင် အင်္ဂလန်အသင်း ခေါင်းဆောင် ဒေးဗစ်ဘက်ဟမ်း ထိုးဖောက်ကစားမှုကို ကိုလံဘီယာမှဂျာဘင်နီတက်စ်နောက်မှ လိုက်လံဟန့်တားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာအသင်းသည် အင်္ဂလန်အသင်းကို ပွဲအစတွင် တိုက်စစ်ဆင်ကစားနိုင်ခဲ့ရာ အင်္ဂလန်နောက်တန်းအား မွှေနှောက်ကစားနိုင်ခဲ့သည်။ ၂၈မိနစ်တွင် ကိုလံဘီယာမှ လူးရစ်ရေးက ညာခြမ်းမှနေ၍ ဂျွန်ပက်လိုတင်ပေးလိုက်သည့် ဘောလုံးကို ခေါင်းတိုက်သွင်းရာ ဂိုးဘားတန်းပေါ်ကျော်သွားသဖြင့် နစ်နာခဲ့ရသည်။

အင်္ဂလန်တို့အဖွင့်ဂိုးရရှိရေး တိုက်စစ်ဆင်ကစားရာ၃၆မိနစ်တွင် ဂျိုကိုးလ်ဖြတ်ပေးလိုက်သောဘောလုံးကို မိုက်ကယ်အိုဝင်ရရှိပြီး ဆွဲပြေးကာ ကန်သွင်းယူလိုက်သဖြင့် အင်္ဂလန်အသင်းဖွင့်ဆော်ဦးဂိုး ရရှိခဲ့သည်။

အဖွင့်ဂိုးရရှိပြီး အင်္ဂလန်တို့ ဆက်တိုက်ဖိကစားထားရာ ၄၄ မိနစ်တွင် ဒေးဗစ်ဘက်ဟမ်းပေးလိုက်သော ဘောလုံးကို ပီတာခရော့ချ်ကန်သွင်းရာ မိုက်ကယ်အိုဝင်က ပိတ်လိုက်နိုင်သဖြင့် ဒုတိယဂိုးရရှိခဲ့သည်။

နှစ်ဂိုးအသွင်း ခံလိုက်ရသဖြင့် ကိုလံဘီယာတို့ ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားတိုက်စစ်ဆင်ရာမှ ၄၅ မိနစ်တွင် ကိုလံဘီယာမှ ယီပက်စ်က ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အင်္ဂလန်အသင်းမှ ဂိုးသမား ဒေးဗစ်ဂျိမ်းအစား ရောဘတ်ဂရင်း၊ ပီတာခရော့ချ်အစား ဒီဖိုးတို့ဖြင့်အစားထိုးကာကစားစေခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၅၈မိနစ်တွင် အင်္ဂလန်အသင်း အချိတ်အဆက် ပြန်မိလာပြီး ဒေးဗစ်ဘက်ဟမ်း ညာခြမ်းမှ ဖြတ်ပေးလိုက်သည့်ဘောလုံးကို မိုက်ကယ်အိုဝင်သွင်းယူခဲ့သဖြင့် တတိယဂိုးရရှိခဲ့ပြန်သည်။

မိုက်ကယ်အိုဝင်အနေဖြင့် ယခုပွဲတွင် ဟက်ထရစ်ရရှိခဲ့ရာ အင်္ဂလန်နည်းပြ အဲရစ်ဆင်လက်ထက် နိုင်ငံတကာပွဲ ၄၇ ပွဲတွင် သူ၏သွင်းဂိုးမှာ ၂၄ ဂိုး ရှိသွားပြီ ဖြစ်သည်။

ကိုလံဘီယာအသင်းအနေဖြင့် မိမိမြေတွင် ချေပဂိုးနှင့် အနိုင်ဂိုးများရရှိရေး ကြိုးစားကစားရာ ၇၇ မိနစ်တွင် ရီစတာပိုအစား ဝင်ရောက်ကစားသည့် ရာမီဇက်က ချေပဂိုးတစ်ဂိုးပြန်သွင်းယူခဲ့သဖြင့် အင်္ဂလန်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အင်္ဂလန်အသင်းသုံးဂိုးသွင်းပြီးချိန်တွင် ဒေးဗစ်ဘက်ဟမ်းအစား ရစ်ချက်ဆင်၊ မိုက်ကယ်အိုဝင်အစား အလန်စမစ်၊ ဂျိုကိုးလ်အစား လုခ်ယန်တို့ကို ထည့်သွင်းကစားခဲ့သော်လည်း ဂိုးထပ်မံသွင်းနိုင်ခဲ့ခြင်းမရှိဘဲ သုံးဂိုး-နှစ်ဂိုး ရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခွာနာ လျှာနာရောဂါ သတိပေးနှိုးဆော်ချက်

၁။ ခွာနာ လျှာနာရောဂါသည် ဗိုင်းရပ်စ်၏ ရောဂါတစ်မျိုးဖြစ်သည်။

၂။ ခွာကွဲသတ္တဝါများတွင်သာဖြစ်ပွားတတ်ပြီး မွေးမြူရေးတိရစ္ဆာန် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်သာမက တောရိုင်း ခွာကွဲ တိရစ္ဆာန်များ၌လည်း ဖြစ်ပွားတတ်သည်။

၃။ ရာသီမရွေးဖြစ်တတ်သော်လည်း မြန်မာနိုင်ငံတွင် မိုးဦးနှင့် ဆောင်းဦးတွင် အဖြစ်များလေ့ရှိသည်။

၄။ ရောဂါကျရောက်လျှင် လျင်မြန်စွာ ပျံ့နှံ့ကူးစက်လေ့ရှိသည်။ ရောဂါဖြစ်တိရစ္ဆာန်မှ တိုက်ရိုက်သော်လည်းကောင်း၊ ရောဂါပိုးကပ်ငြိနေသော တိရစ္ဆာန်ထွက်ပစ္စည်းများမှလည်းကောင်း ကူးစက်နိုင်သည်။

၅။ ရောဂါကူးစက်ပျံ့နှံ့ပုံမှာ ရောဂါဖြစ်တိရစ္ဆာန်သို့မဟုတ် ရောဂါလက္ခဏာမပြသော်လည်း ရောဂါကူးစက်ခံထားရသည့် တိရစ္ဆာန်စားမြုံ့၊ တံတွေး၊ ဆီး၊ ဝမ်း၊ သွေး၊ နို့ရည်၊ သုက်ရည်၊ ရှူရှိုက်သောလေ၊ အရည်ကြည်ဖု အနာမှသားငံရည်တို့နှင့် ရောဂါဖြစ်တိရစ္ဆာန်နှင့် တိုက်ရိုက်ဆက်စပ်တွေ့ထိမိခြင်းဖြင့်လည်းကောင်း၊ ရောဂါပိုးကပ်ငြိပါရှိနေသော တိရစ္ဆာန်ထွက်ပစ္စည်းများ (အသွေး၊ အသား၊ ကလီစာ၊ သားရေစသည့်) တိရစ္ဆာန်အသုံးအဆောင်ပစ္စည်းများ (ကောက်ရိုး၊ စားကျင်း၊ နဖားကြိုးစသည့်) ရောဂါပိုးကပ်ငြိသွားသော လှည်း၊ စက်ဘီး၊ မော်တော်ယာဉ်တို့မှ တစ်ဆင့်လည်းကောင်း၊ တိရစ္ဆာန်ထိန်းကျောင်းသူ၊ ဆေးဝါးကုသပေးသူတို့၏ အဝတ်အစား၊ ဖိနပ်၊ လက်ခြေတို့မှတစ်ဆင့်လည်းကောင်း ရောဂါပျံ့နှံ့ကူးစက်နိုင်သည်။

၆။ ခွာနာ လျှာနာရောဂါဖြစ်လျှင် လယ်ယာသုံးကျွဲ၊ နွားများလုပ်ငန်းခွင်မဝင်နိုင်၍ စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်စေသကဲ့သို့ မွေးမြူထုတ်လုပ်မှုလုပ်ငန်းတွင်လည်း အသားထုတ်လုပ်မှု၊ နို့ထုတ်လုပ်မှုကို ဆိုးရွားစွာထိခိုက်စေသည်။

၇။ ဝက်တွင်ဖြစ်ပွားပါက အသေအပျောက်များလေ့ရှိရာ စီးပွားရေးအရ ဆုံးရှုံးနစ်နာမှု ကြီးမားသည်။

၈။ ရောဂါဖြစ်တိရစ္ဆာန်သည် ရောဂါပျောက်ကင်းသွားသည့်တိုင် ကာလအတန်ကြာသည်အထိ ရောဂါပိုးကို လက်ခံသယ်ဆောင်ထားနိုင်သည်ဖြစ်၍ ရောဂါပျံ့နှံ့မှုဖြစ်စေသော အကြောင်းအရင်းတစ်ခုဖြစ်သည်။

၉။ ခွာနာ လျှာနာရောဂါသည် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများမှတစ်ဆင့် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်သတ်မှတ်မှုများကို ကျော်လွန်၍ ဝေးလံသောအရပ်ဒေသနိုင်ငံများတိုင် ပျံ့နှံ့ရောက်ရှိကူးစက်နိုင်သည်။

၁၀။ ကမ္ဘာ့ကုန်သွယ်မှုလောကတွင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်သွင်းခြင်း၊ တင်ပို့ခြင်းကဏ္ဍ၌ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများထွက်ရှိရာဒေသ/နိုင်ငံသည် ခွာနာ လျှာနာရောဂါကင်းရှင်းရမည်ဟု သတ်မှတ်ချက်ထားရှိသည်။

၁၁။ အရှေ့တောင်အာရှဒေသအတွင်း ခွာနာလျှာနာရောဂါကင်းရှင်းရေးအတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်က အရှေ့တောင်အာရှဒေသ ခွာနာလျှာနာရောဂါတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်၍ အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရန်တာဝန်လည်းရှိပါသည်။

၁၂။ သို့ဖြစ်၍ နိုင်ငံတော်၏လယ်ယာကဏ္ဍနှင့်သားငါးကဏ္ဍထုတ်လုပ်မှုမထိခိုက်စေရေး၊ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်တင်ပို့မှုအတွက် နိုင်ငံတကာဈေးကွက်ရရှိရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးတို့အတွက် မိမိတို့မွေးမြူထားရှိသော ကျွဲ၊ နွား၊သိုး၊ ဆိတ်၊ဝက်တို့တွင် ခွာနာလျှာနာရောဂါမကျရောက်စေရန် အလေးထားစောင့်ရှောက်သွားကြရန် လိုအပ်ပါသည်။

၁၃။ လိုက်နာဆောင်ရွက်ရန်များ

(က) ကာကွယ်ဆေးထိုးနှံခြင်း၊ မွေးမြူထားသော ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်တို့ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်လုပ်သော ခွာနာ လျှာနာရောဂါကာကွယ်ဆေး ခြောက်လတစ်ကြိမ်ထိုးပေးပါ။ အထူးသဖြင့် ရောဂါဖြစ်လေ့ဖြစ်ထရှိသော ဒေသများတွင် ကာကွယ်ဆေးမှန်မှန်ထိုးပါ။

(ခ) ရောဂါဖြစ်ပွားသည်ကိုတွေ့ရှိလျှင် နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အလျင်အမြန်သတင်းပို့တိုင်ကြားပါ။

(ဂ) သက်ဆိုင်ရာ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

(ဃ) ရောဂါဖြစ်တိရစ္ဆာန်အား အခြားတစ်နေရာသို့ ရွှေ့ပြောင်းခြင်း၊ သယ်ယူခြင်းမပြုရ။ ရောဂါဖြစ်တိရစ္ဆာန်နှင့် အတူနေ တိရစ္ဆာန်များကိုလည်း အခြားနေရာသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်း၊ ရောင်းချခြင်းမပြုရ။

(င) အခြားတိရစ္ဆာန်များသို့ မကူးစက်စေရန်အတွက် ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့် သီးသန့်ခွဲခြားထိန်းချုပ်ထားပါ။

(စ) ရောဂါဖြစ်တိရစ္ဆာန်အား အစာရေစာကျွေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းပြုသူကို သီးခြားထားပါ။ မလွှဲသာ၍မထားနိုင်ပါက ကျန်းမာသောတိရစ္ဆာန်များကို အရင်ကျွေးမွေး၊ ထိတွေ့၊ ကိုင်တွယ်ပါ။

(ဆ) ရောဂါဖြစ်တိရစ္ဆာန်ကို ထိတွေ့ကိုင်တွယ်ပြီးက လက်၊ ခြေ၊ ဖိနပ်များကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောသန့်စင်ပါ။

(ဇ) ရောဂါဖြစ်တိရစ္ဆာန်၏ အစာအကြွင်းအကျန်၊ မစင်အညစ်အကြေးနှင့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျသုတ်သင်ဖယ်ရှားပါ။

၁၄။ နယ်စပ်ဒေသ ကျွဲ၊ နွားမွေးမြူသူများ သတိပြုရန်

မြန်မာနိုင်ငံ ဒေသအချို့တွင် ခွာနာလျှာနာ ရောဂါထိန်းချုပ်ရေးဇုန်နယ်များ သတ်မှတ်လျက် ခွာနာလျှာနာရောဂါကင်းရှင်းရေးဒေသများ ဖြစ်ပေါ်လာရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် နယ်မြေထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုရှိပါက မြန်မာနိုင်ငံတွင်းသို့ ရောဂါကူးစက်ဝင်ရောက်လာနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုမရှိသေးသည့် ခွာနာလျှာနာရောဂါပိုး မျိုးကွဲအသစ်ဝင်ရောက်လာနိုင်သည်။ ရောဂါပိုးမျိုးကွဲအသစ်ကြောင့် ရောဂါဖြစ်ပါက တိရစ္ဆာန်တွင်ခုခံမှုအားနည်းပါးမှုကြောင့် သေကျေဆုံးရှုံးမှု များပြားနိုင်ပါသဖြင့် အောက်ပါအချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) ရောဂါဖြစ်ပွားနေသော အိမ်နီးချင်းနိုင်ငံမှ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်နှင့် ခွာကွဲသတ္တဝါများအား မိမိတို့၏ခွာကွဲတိရစ္ဆာန်များနှင့် ထိတွေ့မှုမရှိစေရေး ထိန်းချုပ်ရန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး ထိန်းချုပ်ထားရန်၊

(ခ) ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်အားထိန်းကျောင်းသည့် လူ၊ သယ်ဆောင်သည့် ယာဉ်၊ ကျွေးမွေးသည့် အစာ၊ အသုံးအဆောင်ပစ္စည်းစသည်တို့နှင့် ထိတွေ့မှုမရှိစေရန် သတိပြုရပါမည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ပုဇွန်တောင်မြို့နယ် ဘုရားဖြူစာသင်တိုက် သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရန် မိခင်ကြီး ဒေါ်ခင်ရီအား အမှူးထား၍ ရဟန်းဒါယကာ ဦးစိန်ဝင်းခိုင်-ဒါယိကာမဒေါ်အေးအေးဌေး၊ သား မောင်သော်ဇင်၊ သမီး မယုဝါခိုင်နှင့် မဖူးသက်ခိုင် (ကျုံကဒွန်း ဖျာပုံမိသားစု)က နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာဘိဝံသဆရာတော်ကြီးထံ အလှူငွေကျပ် ခြောက်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်စဉ်စီမံကိန်းတာဝန်ပေးအပ်ပွဲ ဆိပ်ဖြူမြို့နယ်တွင်ကျင်းပ

ရန်ကုန် ဇွန် ၁

ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၅-၂၀၀၆ နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ၁၆ ရက် နံနက် ၉နာရီက ဆိပ်ဖြူမြို့ ငွေသဲဖြူခန်းမ၌ ကျင်းပရာ ကဏ္ဍအလိုက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးရဲလှက အမှာစကားပြောကြားပြီး ၂၀၀၄-၂၀၀၅ ခုနှစ် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အတွင်းရေးမှူး ဦးဝင်းတင့်က ရှင်းလင်းဆွေးနွေးသည်။

တာဝန်ပေးအပ်

စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သက်ဆိုင်ရာဌာနအသီးသီးသို့ မြို့နယ်ဥက္ကဋ္ဌက တာဝန်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သင်၏စိတ်အာဟာရကို ဖြည့်စွက်ပေးမည့် ခရီးသွားစာအုပ်
မောင်မိုးယံ၏ ပခုက္ကူဦးအုံးဖေစာပေ ပထမဆုရ
‘ငွေကြယ်များကို သက်သေတည်၍ ရွှေပင်လယ်ကို ဖြတ်သန်းခြင်း’
နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ ဖြန့်ချိလိုက်ပြီ။



မင်္ဂလာဒည့်ခံပွဲ ကျေးဇူးတင်လွှာ

မြိတ်မြို့၊ ဆိပ်ငယ်ရပ်နေ ဦးစောလှိုင်-ဒေါ်ကျင်နုတို့၏ သားကြီး၊
ဦးလိန်-ဒေါ်မြဝင်းတို့၏ တူ
ဒေါက်တာမျိုးချစ် M.B.,B.S(Ygn)
နှင့်
ရန်ကုန်မြို့နေ ဦးသန်းစိုး(ဒုတိယညွှန်ကြားရေးမှူး၊ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်ခင်မူတို့၏ သမီး
မမေသွယ်စိုး B.A(Hons:) English
Dip in ELTM, D.B.S(LCCI)

တို့၏ ၂၅-၅-၂၀၀၅ရက်(ဗုဒ္ဓဟူးနေ့)တွင် မဟာသန္တိသုခ ဗုဒ္ဓဘာသာသာသနာပြုကျောင်းတော်ကြီး၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းအားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ကြွရောက်လာကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၈-၅-၂၀၀၅ ရက် (စနေနေ့)တွင် Excel Treasure Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့်ဇနီး ဒေါ်နီနီအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသောဒေါ်နွဲ့ယဉ်ဝင်းနှင့် မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မယဉ်ယဉ်မွန်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မယဉ်ယဉ်နှင့် မကြည်ပြာကြွယ်၊ သတို့သားအရန် ဒေါက်တာသန့်လွင်မော်၊ သတို့သမီးအရန် မကေသီခိုင်နှင့် ကြွရောက်ချီးမြှင့်ကြသောဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသူများအားလည်းကောင်း၊ သည်းခံခွင့်လွှတ်နိုင်သော ချို့ယွင်းအားနည်းမှုများရှိပါက ခွင့်လွှတ်ပါရန်နှင့် မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမျိုးချစ်-မမေသွယ်စိုး။

အမည်ပြောင်း

အဖ ဦးမြင့်အောင်၏ သမီး အထက(၁) ကမာရွတ် ဆဋ္ဌမတန်း (A)မှ မဖြူသန့်စင်အား မသွန်းငွေစင်ဟု ပြောင်းလဲခေါ်ပါရန်။
မသွန်းငွေစင်။

အမည်ပြောင်း

ဦးအောင်မြင့် ၁၂/ပဘတ(နိုင်)၀၁၆၅၀၉၏သား အထက(၁) ဒဂုံ တတိယတန်း(B)မှ မောင်မင်းဟိန်းထက်အောင်အား မောင်မင်းသန့်သူဟု ပြောင်းလဲခေါ်ပါရန်။
မောင်မင်းသန့်သူ။

အမည်ပြောင်း

ဦးပေါ ၈/ရနခ(နိုင်)၀၃၆၀၃၅၏ သမီး အထက (၁)ဗဟန်း နဝမတန်းမှ မမျိုးကြည်လှိုင်အား မစန္ဒာလင်းဟု ပြောင်းလဲခေါ်ပါရန်။
မစန္ဒာလင်း။

အမည်ပြောင်း

အဖဦးချစ်ရွှေ၏သမီး ရန်ကုန်မြို့ ဗိုလ်တထောင် အထက(၅) ဒုတိယတန်း(A)မှ မဝင်းမြတ်ထက်အား မဝင်းမိုမိုနွယ်ဟု ပြောင်းလဲခေါ်ပါရန်။
မဝင်းမိုမိုနွယ်။

အမည်ပြောင်း

အထက(၁) အောင်လံမြို့ တတိယတန်းမှ ဦးမြင့်အောင် ၈/အလန(နိုင်)၁၂၈၈၅၄-ဒေါ်အေးအေးဝင်းတို့၏ သမီး မသဇင်အောင်အား ယနေ့မှစ၍ မဇာလွင်ထက်ဟု ပြောင်းလဲခေါ်ပါရန်။
မဇာလွင်ထက်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ယဉ်ထွေး၏ နိုင်ငံကူးလက်မှတ် အမှတ်-၅၁၁၄၈၆ သည် မြေနီကုန်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။**မောင်ယဉ်ထွေး ဖုန်း-၆၁၀၉၄၅။**



အကြမ်းဖက်အဖျက်သမားများ၏ဗုံးဖောက်ခွဲမှုကြောင့် ဒဏ်ရာရလူနာများအားပြုစုပေးခဲ့ကြသည့်ဝန်ထမ်းများအားဂုဏ်ပြု

ရန်ကုန် ဇွန် ၁

မေလ၇ရက်တွင် ရန်ကုန်မြို့၌ အကြမ်းဖက်အဖျက်သမားများ၏ ရက်စက်ယုတ်မာလူမဆန်စွာ ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော လူနာများအား ရန်ကုန်မြို့ရှိ ဆေးရုံကြီးများသို့ ပို့ဆောင်၍ ဆေးဝါးကုသပြုစုစောင့်ရှောက်ပေးခဲ့ရသည်။

ယင်းလူနာများအား စေတနာရှေ့ထား၍ အသိစိတ်ဓာတ်ဖြင့် ပြုစုကုသပေးခဲ့ကြသော ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆရာဝန်၊ ဆရာမနှင့်ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၃၀ရက်က ယင်းဆေးရုံသစ်ကြီး၌ ကျင်းပသည်။

အခမ်းအနား အစီအစဉ်အရ လူနာများအား စေတနာရှေ့ထားပြီး အသိစိတ်ဓာတ်ဖြင့် ပြုစုကုသပေးခဲ့ကြသော ဆရာဝန်များ၊ သူနာပြုဆရာမများနှင့်ဆေးရုံဝန်ထမ်းများအား ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်လှကြင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာဦးဝင်းမောင်၊ ကထိက မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဦးကြည်လင်း၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်စိုးစိုးကြူနှင့် သူနာပြုအုပ်ဒေါ်ခင်တီတို့က ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတိပြု

သတိပေးတားမြစ်ချက်

ကျွန်မ၏ခင်ပွန်း ဦးခင်ထွန်း ၁၂/စခန(နိုင်)၀၄၆၆၄၀ သည် ၂၀-၅-၂၀၀၅ ရက်တွင် နေအိမ်မှ နှစ်ဦးပိုင်ပစ္စည်းများဖြစ်သော ပ/၁၆၄၁ Hilux (အစိမ်းရောင်)၊ ဗ/၂၂၅၀ Toyota (စလွန်းအဖြူ)၊ GSM Phone ၀၉-၅၁၀-၅၀၄၀နှင့် စိန်ထည်၊ ရွှေထည်ပစ္စည်းများတို့ကို ယူဆောင်သွားပါသဖြင့် မိသားစု၏ သဘောဆန္ဒမပါရှိဘဲ ရောင်းဝယ်၊ ငှားရမ်း၊ ပေးကမ်းခြင်း မပြုလုပ်ရန်နှင့် လက်ခံထားသူတို့အား တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြော်ငြာအပ်ပါသည်။
ဇနီး-ဒေါ်လှဲ့လှဲ့ဝင်း ၁၂/စခန(နိုင်)၀၅၃၇၇၃။

မေ ၂၂ရက်က ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အေးချမ်းသာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကံထူး၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်(၃) ဦးကျော်သက်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးညီညီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မောက်မယ်မြို့တွင် နွေစပါးစိုက်ပျိုးရာသီ ကောက်စိုက်စွမ်းရည်ပြိုင် ကောက်စိုက်အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်၊ ဆုချီးမြှင့်ပေးအပ်

မောက်မယ် မေ ၁၀

မောက်မယ်မြို့နယ် မြို့မအုပ်စု နားလင်းကွင်းတွင် နွေစပါးစိုက်ပျိုးရာသီ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဧပြီ ၁၁ ရက် နံနက်ရနာရီက ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်ဝေ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးရဲမြင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအေးလွင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖနှင့် ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမင်းအေးလွင်က မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန် လျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းစည်းကမ်းကို မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးအေးလွင်က ရှင်းလင်းပြောကြားပြီး မြို့နယ်မှ ကောက်စိုက်အသင်း ခြောက်သင်းက ကောက်စိုက်စွမ်းရည်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်ပေး

ပြိုင်ပွဲအပြီးတွင် ဆုရရှိသည့်အသင်းများကို ဗိုလ်မှူးကြီး မြင့်ဝေနှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းတို့က ဆုများချီးမြှင့်ပေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

တာချီလိတ်မြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း ရွှေရင်အေးစပါးတစ်ဧက ၁၃၂တင်းကျော်ထွက်ရှိ

တာချီလိတ် မေ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်၏ ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို မေ၂၁ရက်က တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ပန်ဟတ်ကျေးရွာ ကွင်းအမှတ်(၅)ဦးပိုင်အမှတ်(၂၈)တောင်သူ ဒေါ်နန်းအင်ပျန်းပိုင် လယ်မြေ၅ဒသမ၁၀ ဧကစိုက်ကွင်းတွင် ကျင်းပသည်။

နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်အားပေးကြသည်။

စစ်ဆေးကြည့်ရှု

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့်အဖွဲ့ဝင်များက နွေစပါးစံကွက်အထွက်နှုန်းကို တိုင်းတာ စစ်ဆေးကြည့်ရှုကြရာ ရွှေရင်အေးစပါးမျိုး တစ်ဧကလျှင် အစိုတင်း ၁၃၂ ဒသမ ၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဧပြီ၂၈ရက်က စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဓနီးဖြူကုန်းရပ်ကွက် အေးချမ်းသာယာလမ်း မြေဖို့ပြီး လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ယာဉ်စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ခန္တီးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်တင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးလှမိုးက ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

သန်လျင်မြို့နယ် ကျောင်းကုန်း-ဆိပ်ကြီးလမ်းပေါ်ရှိ ဟောင်းနွမ်းပျက်စီးနေသောသစ်သားတံတား ပြန်လည်ပြုပြင်ဆောင်ရွက်ရာ မေ ၂၂ရက်က ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ (မြို့နယ် စည်ပင်)

ကသာခရိုင်တွင် စီမံကိန်းတာဝန်ပေးအပ်

ကသာ မေ ၁၅

စစ်ကိုင်းတိုင်း ကသာခရိုင်၏ ၂၀၀၅-၂၀၀၆ခုနှစ်စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ၇ရက်နံနက် ၁၀နာရီက ကျင်းပရာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့ စီမံကိန်းတာဝန်များပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်၊ ခရိုင်စီမံကိန်းဦးစီးမှူး ဒေါ်ဆွေဆွေသိန်းတို့က စီမံကိန်းလျာထားချက်နှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

တန့်ယန်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများကောင်းမွန်ရေး ပန်ညောင်-မိုင်းကျိုင် မြေသားလမ်းဖောက်လုပ်

တန့်ယန်း မေ ၁၅

တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တန့်ယန်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်က ပန်ညောင်-မိုင်းကျိုင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး ဦးညီညီမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းနုတို့ကအနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**

ပင်လောင်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် အလှူငွေနှင့် မဂ္ဂဇင်း၊ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ပင်လောင်း မေ ၂၅

ပင်လောင်းမြို့နယ် တောင်ထိဗ္ဗာကျေးရွာအုပ်စု တောင်ထိဗ္ဗာရွာရှေ့ဖီဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၇ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောလှဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီက ပညာရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စာကြည့်တိုက်သို့ အလှူငွေများ လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက အလှူငွေကျပ် ၅၀၀၀၊ ကျေးရွာပြည်သူများက စုပေါင်း လှူဒါန်းငွေကျပ် ၄၅၀၀၀၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်းမျိုးစုံ ၅၀၊ အလှူရှင်များကမဂ္ဂဇင်းစာအုပ်မျိုးစုံ ၇၂အုပ်၊ ဂျာနယ်မျိုးစုံ ၁၂၈စောင်တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းလှဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်

ကာမိုင်း မေ ၂၅

ကာမိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်း(၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို မေ၁၆ရက် နံနက် ၈နာရီခွဲက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖားကန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြင့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး ကာမိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းကုန်းမြို့နယ်တွင်
ကျောင်းအပ်နှံရေးနေ့ကျင်းပ၊ အလှူငွေစုပေါင်းပေးအပ်

ကျောင်းကုန်း မေ ၃၀

၂၀၀၅–၂၀၀၆ခုနှစ် ကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေစုပေါင်းပေးအပ်ပွဲကို မေ ၂၆ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မိုးပြာအုပ်စု မိုးပြာအရှေ့ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှမြင့်က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စာအုပ်၊ ခဲတံနှင့် အလှူငွေစုပေါင်းလှူဒါန်းပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးအောင်မြင့်ဦးက ကျောင်းသုံးဖတ်စာအုပ်အစုံ ၂၀၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသိန်းထွန်းက ဗလာစာအုပ် ငါးဒါဇင်နှင့် ခဲတံသုံးဒါဇင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌကအလှူငွေကျပ် ၅၀၀၀၊ မြို့နယ်ပညာရေးမှူးက ဖတ်စာအုပ်၂၃စုံ၊ တိုးချဲ့စာသင်ဆောင်ဆောက်လုပ်ရန်အတွက် ကျေးရွာမှ စုပေါင်းလှူဒါန်း ငွေကျပ် ၂၂၂၅၀၀၊ ဦးကြည်ဝင်း–ဒေါ်မြင့်ဦးက ငွေကျပ် ၅၀၀၀၀၊ ဦးမောင်တိုး၊ ဦးကျော်ကျော်နှင့်ကျောင်းသားဟောင်းများက ငွေကျပ် ၄၃၀၀၀ တန် တီဗွီတစ်လုံးအား ကျောင်းအုပ်ဆရာကြီး ဦးသန်းရီသို့ ပေးအပ် လှူဒါန်းကြသည်။ **(ယာပုံ)**

အလားတူကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားများကို တစ်မြို့နယ်လုံးရှိ စာသင်ကျောင်းများတွင် တစ်ပြိုင်တည်း ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှမြင့်၊ မြို့နယ်အတွင်းရေးမှူး ဦးအောင်မြင့်ဦး၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရေးမြို့နယ် လက်ထောက်ပညာရေးမှူးဦးမောင်အေးတို့က မြို့နယ်အတွင်းရှိ မြို့မမြင်းလမ်းကုန်း၊ ကုန်းတန်းကြီး၊ ရင်ဆိုင်ဝ၊ မာလာကွင်းနှင့် လေ့ဒါးချောင်မှ အခြေခံပညာမူလတန်းကျောင်းများ၊ မိုးပြာအပြာအရှေ့နှင့် မီးသွေးတိုက် အခြေခံပညာမူလတန်းလွန်ကျောင်းများသို့ စာအုပ်၊ ခဲတံ၊ အလှူငွေများ စုပေါင်း လှူဒါန်းကြကြောင်း သိရသည်။ **(၂၆၅)**

ပခုက္ကူခရိုင် ပေါက်မြို့ နာရေးအထောက်အကူပြုအဖွဲ့၏ လက်တွန်း နိဗ္ဗာန်ယာဉ် မတည်ငွေ ကျပ်တစ်သိန်းကို ဧပြီ ၂ရက်က ရန်ကုန်မြို့နေ ဦးသိန်းဆွေ – ဒေါ်ဆွေလေးမူ တို့က လှူဒါန်းရာ အလှူရှင်များ ကိုယ်စား ဦး ကြင် ဟန် က အလှူငွေ များကို အဖွဲ့အတွင်းရေးမှူး ဦးအောင်မြိုင်ထံ ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

အင်းတော်မြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း
ပန်းတိုင်အထွက်နှုန်းရရှိရန် ပညာပေးဆွေးနွေး

အင်းတော် မေ ၂၉

အင်းတော်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်စိုးနှင့် စခန်းတာဝန်ခံဦးကျော်ကျော်လင်းတို့သည် မေ ၂၂ ရက်က နတ်မဟုတ်ကျေးရွာအုပ်စု နတ်မဟုတ်ကြီး ကျေးရွာ ကွင်းအမှတ် ၁၀၂၄ ဦးပိုင်အမှတ် ၁၈/၁ တောင်သူ ဦးကျော်သန်း၏ ဆင်းဧကရီ သုံးမျိုး နွေစပါး စံကွက် ရိတ်သိမ်းရာ တစ်ဧက ၁၀၅ ဒသမ ၄၃တင်း နှုန်းထွက်ရှိသည်။

နွေစပါးစံကွက်ရိတ်သိမ်းရာသို့ မြို့နယ်အတွင်းရေးမှူး ဦးဆန်းမင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ ကြည့်ရှုအားပေးကြပြီး မြို့နယ်အတွင်းရေးမှူးက တောင်သူများအား ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စနစ်မှန် စိုက်ပျိုးကြရန် ပညာပေး ဆွေးနွေးကြသည်။

အင်းတော်မြို့နယ်တွင် ၂၀၀၄–၂၀၀၅ ခုနှစ်၌ နွေစပါး ဧက ၁၄၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ၁၄၁၈ ဧက စိုက်ပျိုးကြကြောင်း သိရသည်။ (၁၃၃)

ကျေးလက်တောင်သူများ မိသားစုဝင်ငွေတိုးရေး
နွားမွေးမြူရန် မတည်ငွေ ကျပ်၄၅သိန်း ပံ့ပိုး

နွားထိုးကြီး မေ ၁၄

ကျေးလက်ဒေသနေ တောင်သူများ မိသားစုဝင်ငွေတိုးတက်စေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေးအတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ပံ့ပိုးမှုဖြင့် အသေးစားစီးပွားရေးလုပ်ငန်းဖြစ်သော နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌနှင့် နွားမွေးမြူရေးလုပ်ကိုင်သည့် တောင်သူများ တွေ့ဆုံပွဲအခမ်းအနားကို မေ ၁၄ရက် နံနက်က ဘုံသာအုပ်စု ကြာပင်ခိုင်ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး တောင်သူ ၂၃ဦးအား ဒေသနွားကောင်ရေ ၄၅ကောင် မွေးမြူရန်အတွက် မတည်ငွေ ၄၅သိန်း ပံ့ပိုးကူညီပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ကျေးရွာစည်းရုံးရေးမှူး ဦးမြင့်ရွှေနှင့်အဖွဲ့က နွားမွေးမြူကြသော တောင်သူများ နေအိမ်အရောက် ကွင်းဆင်းစစ်ဆေးကြသည်။ **(၂၁၃)**

အမြို့မြို့အနယ်နယ် သတင်းများ

မအူပင်မြို့နယ် မြို့ပြသာယာလှပရေးအတွက် မြို့၏ အဓိကရေလဲလမ်း မြောင်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးကို မေ ၂၅ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပူးပေါင်း၍ ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

မိသားစုများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန်
ဝက်လက်မြို့နယ်တွင် နွေရာသီစက်ချုပ်သင်တန်းဖွင့်

ဝက်လက် မေ ၂၀

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ၃ရက် နံနက် ၁၀နာရီက မူကြိုကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းနှင့် အတွင်းရေးမှူး ဒေါက်တာသန်းငွေအောင်၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌများ၊ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းကြီး၏ လမ်းညွှန်ချက်အရ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်၏ မိသားစုများ တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိပြီး လူမှုဘဝအဆင့်အတန်းမြင့်မားလာအောင် မိသားစုဝင်များ အလုပ်ရရှိရေး၊ ဝင်ငွေတိုးရေးတို့ကို လုပ်ငန်းစဉ်တစ်ရပ်အနေနှင့် အထူးကြိုးစားဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းတွင် မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဇီးကုန်းမြို့နယ် မြို့မဈေးကြီးတွင် မီးဘေး ကြိုတင်ကာ ကွယ် ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင်နှင့် အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိဦးသန့်ဇင်နှင့် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဦးစီးဌာနဦး စီး အ ရာ ရှိ ဦးအောင်ကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဧပြီ ၂၅ရက်က သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် မေ၁၈ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ မောင်တောမြို့နယ် ကျေးလက်ချောင်းကူးတံတားပြုပြင်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၃–၆–၂၀၀၅

(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ပြည်ပပို့ကုန် ဘောပင်နှင့် စာရေးကိရိယာစုံထုတ်လုပ်မှုအကြောင်း)

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်သံပရာပင်)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အမေ့ရဲ့အမျှဝေသံ)

ညနေပိုင်း

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း

(၁)လောကခံကြုံမဖြိုစတမ်း (ခေါင်းကြီး)

(၂)ပျော်ပါတယ် အမေရယ် (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၁၅ ကျေးလက်ဇာတ်လမ်း (လူချင်သူအတွက်)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ကျေးလက်နှင့် သိပ္ပံ) (မောင်ဆုရှင်)

ကျောင်းနေအရွယ်ကလေး အားလုံးကျောင်းနေရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူ တောင်ကြီးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့၌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် မှာကြား

ရန်ကုန် ဇွန် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားအား မေ၃၀ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမျိုးသားရေးတာဝန်

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် တည်ဆောက်အကောင်အထည်ဖော်သည့်ကာလတွင် ပညာရေးကဏ္ဍသည် အထူးပင်အရေးကြီးကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်က နှစ်ရှည်၊ နှစ်တိုစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးမြှင့်တင်မှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများနှင့်အတူ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ စေတနာရှင်မိဘပြည်သူများ၏ပူးပေါင်းကြိုးပမ်းမှုများကြောင့် ယနေ့ပညာရေးကဏ္ဍမှာ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ***စာမျက်နှာ ၈ ကော်လံ ၃*** ❐

ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် တင်ဆက်ပြသလျက်ရှိသော ကျန်စစ်မင်းနှင့် လှိုက်လှိုက်လှဲလှဲအားပေးကြသော ပရိသတ်များ။ (မြန်မာ့အလင်း)

ကျန်စစ်မင်း

ကျန်စစ်မင်း မြန်မာရာဇဝင်ဇာတ်ကားမှ လူမင်းနှင့် မေသန်းနု တို့၏ သရုပ်ဆောင်ဟန်။ (မြန်မာ့အလင်း)

မြန်မာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်လောကသို့ ထိုးဖောက်နိုင် ကျန်စစ်မင်းဇာတ်ကားမလေးရှား၊ သြစတြေးလျနှင့် စင်ကာပူတွင် အောင်ပွဲခံခဲ့

ရန်ကုန် ဇွန် ၁

သရုပ်ဆောင်ဒါရိုက်တာလူမင်း ရိုက်ကူးတင်ဆက်သည့် ကျန်စစ်မင်းဇာတ်ကားမှာ ရန်ကုန်မြို့၌ သမ္မတ၊ သွင်နှင့်၊ မင်္ဂလာအဆင့်မြင့်ရုံများတွင် လည်းကောင်း၊ မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံများတွင်လည်းကောင်း၊ တောင်ကြီးမြို့ ဗန္ဓုလ၊ မြသုခရုံများနှင့် မြိတ်မြို့ ဂုဏ်ရုံတွင် လည်းကောင်း အပြိုင်ပြသလျက်ရှိရာ ရုပ်ရှင်ချစ်ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ရုပ်ရှင်ချစ်ပြည်သူများ စိတ်အေးချမ်းသာစွာ ကြည့်ရှုအပန်းဖြေနိုင်ရန်အတွက် သက်ဆိုင်ရာရုပ်ရှင်ရုံတာဝန်ခံများက ရုပ်ရှင်ရုံလုံခြုံရေးစိုးရိမ်ကြောင့်ကြမှုမရှိရန် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားသဖြင့် ယခုကဲ့သို့ ရုံပြည့်ရုံလျှံ အားပေးကြည့်ရှုကြခြင်းဖြစ်သည်။ ***စာမျက်နှာ ၁၀ ကော်လံ ၁*** ●

သြစတြေးလျနိုင်ငံ ပါ့သ်မြို့၌ ကျန်စစ်မင်း မြန်မာရာဇဝင်ဇာတ်ကားပြသခဲ့စဉ်က အားပေးကြည့်ရှုသူ ရုပ်ရှင်ချစ်ပရိသတ်များနှင့် သရုပ်ဆောင် ဒါရိုက်တာလူမင်း။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးမားဆုံး မိုနိုပိုလီကစားချပ်

ဆစ်ဒနီမြို့တွင်ပြသထားသည့် ကမ္ဘာ့အကြီးမားဆုံး မိုနိုပိုလီကစားချပ်ပြားကြီးကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါမိုနိုပိုလီကစားချပ်ပြားကြီးသည် စတုရန်းမီတာ ၄၄၀ (၄၇၃၆ စတုရန်းပေ)ရှိပြီး ဟိုတယ်နှင့် အိမ်များတွင်ထားရှိသော မိုနိုပိုလီကစားချပ်ပြားများထက် အဆပေါင်း ၁၇၀၀ကျော်ကြီးမားကာ ဆစ်ဒနီမြို့မှ လူအချို့က ဂင်းနစ်မှတ်တမ်းဝင်အောင် ပြုလုပ်ထားခြင်းဖြစ်သည်။ **(အင်တာနက်)**

ခြေနှစ်ချောင်းပူးနေသည့်ကလေးငယ်

ခြေနှစ်ချောင်း ပူးနေသည့် တစ်နှစ်သားအရွယ် ကလေးငယ် တစ်ဦးကို ဆရာဝန်တစ်ဦးက ပြသနေစဉ်။ **(အပေါ်ပုံ)**

အဆိုပါ မိန်းကလေးငယ်လေးမှာ ပီရူးနိုင်ငံ လီမာမြို့ ဆေးရုံ၌ မွေးဖွားခဲ့ခြင်းဖြစ်ရာ မွေးကတည်းကပင် ခြေနှစ်ချောင်းပူးကပ်လာခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

2-6 (20) 1 3/24/05, 11:17 AM